http://www.dhammadownload.com

# မေတ္တာစစ်ဖြင့်

# ချစ်ခြင်းဂုဏ်

အရှင်ကုဏ္ဍိယ ( သျှင်မိုးဝေ )

http://www.dhammadownload.com

# မေတ္တာစစ်ဖြင့်
# ချစ်ခြင်းဂုဏ်

အရှင်ကုဏ္ဍိယ (သျှင်မိုးဝေ)

ဓမ္မဒါနအလှူရှင်

http://www.dhammadownload.com

## မေတ္တာစစ်ဖြင့်

# ချစ်ခြင်းဂုဏ်

## အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)

(မင်္ဂလာဗျူဟာ ဓမ္မစာပေသင်တန်း နှင့်
ရှင်သာမဏေ ဓမ္မဝိမာန်သင်တန်း နည်းပြဆရာတော်)

သို့ ................................................................

မှ ................................................................ ၏

အမှတ်တရ ဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၇၆၃၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၅၇၁၂၀၉

ဒုတိယ အကြိမ် အုပ်ရေ - ၂၀၀၀
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

ဖလင်
NEW DAY Graphic Design Scanning, Color Separation
အမှတ် (၁၄၈)၊ လမ်း (၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စန်းလင်း (ယာယီ-၈၆၉) EVER GREEN Offset
အမှတ်(၁၉၉)၊လမ်း(၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ဣန္ဒြိယ၊ အရှင် (သျှင်မိုးဝေ) ၂၉၄.၃
မေတ္တာစစ်ဖြင့်ချစ်ခြင်းဂုဏ်/အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)။
- ရန်ကုန်။ ယုံကြည်ချက်စာပေ၊ ၂၀၁၀။
၆၄ - စာ၊ ၉.၅ × ၁၃ စင်တီ။
(၁) မေတ္တာစစ်ဖြင့်ချစ်ခြင်းဂုဏ်

http://www.dhammadownload.com

## မေတ္တာစစ်ဖြင့်

# ချစ်ခြင်းဂုဏ်

### မေတ္တာ၏အဓိပ္ပါယ်

မေတ္တာရဲ့အဓိပ္ပါယ်ကို နှစ်မျိုး ဖွင့်ဆိုထားပါတယ်။

၁။ 'မေဇ္ဇတီတိ မေတ္တာ။ သိနိယှတီတိအတ္ထော'။ ချစ်ခင်တတ်သောကြောင့် မေတ္တာမည်၏။ စိုစွတ် စေးကပ်မှုသဘော ဖြစ်၏။

၂။ 'မိတ္တေ ဘဝါ မေတ္တာ'။ မိတ်ဆွေသဘော၊ မိတ်ဖြစ်ဆွေဖြစ် စိတ်မျိုးသည် မေတ္တာမည်၏။

http://www.dhammadownload.com



ချစ်ခင်မှုသဘောကို မေတ္တာလို့ဆိုပေမယ့် ချစ်စိတ်တိုင်းကို မေတ္တာလို့မဆိုရတာကြောင့် မိတ်ဆွေအဖြစ်နဲ့ ချစ်ခင်မှုမျိုးကိုသာ မေတ္တာရယ်လို့! ထပ်ပြီး ဖွင့်ဆိုထားတာပါ။

မေတ္တာသုတ်မှာတော့ 'မာတာယထာ နိယံ ပုတ္တံ' တဲ့။

မိခင်ဟာ ရင်မှပေါက်ဖွားတဲ့ သားရတနာလေးကို ချစ်မြတ်နိုးသကဲ့သို့ သတ္တဝါတွေအပေါ်မှာ 'အမေစိတ်ထား' နဲ့ ချစ်မြတ်နိုးမှု သဘောတရားကို မေတ္တာလို့ ဟောတော်မူပါတယ်။

## မေတ္တာ၏သဘော

မေတ္တာဆိုတာ သူတစ်ပါးရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးလိုတဲ့ စိတ်နှလုံးသားပါ။ မေတ္တာရဲ့ 'ရသ' နဲ့ လုပ်ငန်းကတော့ သူတစ်ပါးအကျိုးစီးပွားကို ရွက်ဆောင်မှုပါ။

မေတ္တာရဲ့ အနီးဆုံးအကြောင်းက သူတစ်ပါး

http://www.dhammadownload.com


အပေါ် ကောင်းကွက်ကို ရှာမြင်ပေးတတ်တဲ့ ယောနိသော မနသိကာရ စိတ်ပါ။ မေတ္တာမှာ ပြုလိုကာမျှသဘော ဖြစ်တဲ့ ဆန္ဒက 'အစ' ဖြစ်ပါတယ်။ အာရုံတွေအပေါ်မှာ လိုချင်မှု၊ စိတ်ဆိုးမှုစတဲ့ နီဝရဏတွေ ငြိမ်းအေးမှုက မေတ္တာရဲ့ 'အလယ်' ပါ။ မေတ္တာရဲ့ 'အဆုံး' ကတော့ ကာမ ကုသိုလ်သာမကဘဲ အပ္ပနာသမာဓိနဲ့ အပ္ပနာဈာန်ကို ရနိုင်ပြီး ဝိပဿနာဉာဏ်ထိ ကူးနိုင်ပါတယ်။

မေတ္တာဟာ ငါ၊သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါပညတ်ကို အာရုံပြုတာဖြစ်လို့ ပညတ်ကိုရှုမြင်ပြီး ကုသိုလ်ရတဲ့ သမထဘာဝနာ အလုပ် မျိုး ဖြစ်ပါတယ်။

ဒါကြောင့် မေတ္တာစိတ်နှလုံးသားကို ပိုင်ဆိုင် သူဟာ ဘယ်အရပ်ဒေသပဲရောက်ရောက် မဋ္ဌူသက နတ်ပန်းပမာ မေတ္တာဂုဏ်တွေနဲ့ လှပမွှေးကြိုင် သင်းထုံ နေတတ်လို့ အလှမပါ၊ ရနံ့မရှိတဲ့ ပရမတ်ဖြစ်ပေမယ့် မေတ္တာကို ပန်းနဲ့တူတယ်လို့ နှိုင်းဆိုကြတာပါ။ ပြီးတော့ မေတ္တာမှာ ဒေါသ၊ လောဘစတဲ့ ကိလေသာအပူမီးတွေကို

http://www.dhammadownload.com



ငြိမ်းသတ်နိုင်တဲ့ အအေးဓာတ် စွမ်းအင်မျိုး ရှိတာကြောင့် ရေနဲ့တူတယ်လို့လည်း ဆိုပါတယ်။

မေတ္တာနှလုံးသားပိုင်ရှင်ဟာ ဘယ်လိုချစ်သူ၊ မုန်းသူမျိုးနဲ့ပဲဆုံဆုံ လပြည့်ဝန်းပမာ ထာဝစဥ် ကြည်လင်ဝင်းပကာ အေးမြရွှမ်းလဲ့ နေတတ်တာကြောင့် မေတ္တာကို လပြည့်ဝန်းမျက်နှာနဲ့လည်း နှိုင်းဆိုလေ့ ရှိကြပါတယ်။

## ချစ်ခြင်း(၃)မျိုး

အချစ်ဆိုတဲ့ဝေါဟာရရဲ့ မူရင်းပါဠိက 'ပေမ'၊ သို့မဟုတ်၊ 'ပိယ'ပါ။ အချစ်'ပေမ'ကို စာပေတွေမှာ-

၁။ **တဏှာပေမ**

၂။ **ဂေဟသိတပေမ**

၃။ **မေတ္တာပေမ**-ရယ်လို့ သုံးမျိုးပြထားပါတယ်။

တဏှာပေမဆိုတာက ချစ်သူအချင်းချင်း ချစ်ကြတဲ့ တဏှာအရင်းခံတဲ့ 'ချစ်သူချစ်' ပါ။ ဂေဟသိတပေမ ဆိုတာက မိသားစုအချင်းချင်း ချစ်ကြတဲ့

http://www.dhammadownload.com


လောဘအရင်းခံတဲ့ "မိသားစုချစ်"ပါ။ မေတ္တာပေမ ဆိုတာက သူတော်ကောင်းတွေ ချစ်တတ်ကြတဲ့ ဗြဟ္မစိုရ် အမည်ထိုက်တဲ့ အဒေါသ၊ အလောဘဆိုတဲ့ ကုသိုလ်မူလ တွေ အရင်းခံတဲ့ ကုသိုလ်ဖြစ်သော "ပါရမီချစ်"မျိုး ဖြစ်ပါတယ်။

အချစ်"ပေမ"ရဲ့သဘောကို ကော်စေးနဲ့ ဥပမာပြ ပါတယ်။ ကော်စေးနဲ့ကပ်ထားခံရတဲ့ အရာဝတ္ထုတွေဟာ ဖရိုဖရဲ မကွဲမပြားဘဲ တစ်စုတစ်စည်းတည်း ဖြစ်သလို၊ အချစ်ပေမရဲ့ သဘောက မကွဲမပြားဘဲ စုစည်းသိပ် သည်းမှု ရှိပါတယ်။

ချစ်သူနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး မခွဲနိုင်၊ မကွဲပြားနိုင်အောင် ချစ်ကြပေမယ့် ကပ်ထားတဲ့ကော်စေးက တဏှာပေမဆိုတဲ့ အကုသိုလ်ချစ်မျိုး ဖြစ်နေခဲ့ရင်။ အကုသိုလ်ဆိုတာ အပြစ်နဲ့တကွဖြစ်တာမို့ အပြစ် မရောက်ခင်သာ မကွဲမပြား တစ်စိတ်တည်း၊ တစ်သား တည်းအဖြစ်နဲ့ ချစ်နိုင်ကြမှာပါ။ အပြစ်ရောက်လာပြီ ဆိုရင်တော့ အချစ်တွေ ပျောက်ပျောက် သွားတတ်ကြ ပါတယ်။

http://www.dhammadownload.com



"အချစ်အချစ်၊ ချစ်တိုင်းချစ်၍၊ ချစ်လေချစ်လေ၊ ချစ်မပြေ။ ဆားငံရေနှောက်၊ ငတ်တိုင်းသောက်က၊ သောက်လေသောက်လေ၊ ငတ်မပြေသို့၊ ပေမအရာ၊ တဏှာဖွဲ့ရစ်၊ ထိုအချစ်လည်း၊ အပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ ချစ်လျှင်ချစ်နိုး၊ ချစ်စပျိုးသည်၊ ချစ်ရိုးချစ်စဉ်၊ ချစ်လမ်းတည်း"။ (ကိုယ်ကျင့်အဘိဓမ္မာ-မှ)

မိသားစုအချစ်မှာလည်း လောဘနဲ့ကော်စေးကပ်ထားတဲ့ အကုသိုလ်ချစ်မျိုးဖြစ်နေခဲ့ရင်တော့ ဒေါသရောက်လာတဲ့အခါတိုင်းမှာ တစ်မိသားတည်း၊ တစ်စိတ်တည်း မဖြစ်နိုင်တော့ပါဘူး။ တစ်မိဖွား ဖြစ်ပေမယ့် သူစိမ်းတွေပမာ စိတ်ဝမ်းကွဲပြား သွားတတ်ကြပါတယ်။ ဒါကြောင့် အကုသိုလ်နဲ့ ချစ်တဲ့အချစ်တိုင်းဟာ အပြစ်ရောက်လာတိုင်းမှာ အချစ်ပျောက်သွားရတတ်လို့ ယာယီချစ်၊ ခဏချစ်၊ အပျော်ချစ်မျိုးတွေလို့ပဲ သတ်မှတ်ရပါတယ်။

မေတ္တာပေမဆိုတဲ့ ကုသိုလ်ချစ်၊ ပါရမီချစ်မျိုးကတော့ အကုသိုလ်နဲ့ ချစ်တာမဟုတ်လို့ အပြစ်မရောက်နိုင်ပါဘူး။ အပြစ်မရောက်တဲ့ အချစ်မျိုးဆိုတော့ အချစ်

http://www.dhammadownload.com


ပျောက်သွားမှာလည်း တွေးပြီးစိုးရိမ်နေစရာ လုံးဝ မလိုတော့ဘူးပေါ့။ အဲဒီလို မေတ္တာချစ်မျိုးကသာ ကိုယ်တကယ်ချစ်ရသူတွေနဲ့ ထာဝရ မကွဲမပြားဘဲ တစ်စိတ်တည်း၊ တစ်သားတည်း၊ ချစ်သွားလို့ရနိုင်တဲ့ အချစ်မျိုး ဖြစ်ပါတယ်။

## မေတ္တာဆိုတာ ဘာဝနာ

ကုသိုလ်အမျိုးအစားတွေထဲမှာ မေတ္တာဟာ ဒါနမျိုး မဟုတ်လို့ 'ရော့-အင့်'ဆိုပြီး ပေးလို့၊ လှူလို့ မရပါဘူး။ သီလမဟုတ်လို့ ကိုယ်ကျင့်တရား ပြည့်စုံနေရုံနဲ့လည်း မေတ္တာ မဖြစ်ပါဘူး။ ဘာဝနာကုသိုလ် ဖြစ်လို့ ကိုယ့်စိတ်နှလုံးသားထဲမှာထားပြီး ပွားနေ၊ ချစ်နေနိုင်ပါမှ မေတ္တာကုသိုလ်တွေ ဖြစ်ပါတယ်။

စိတ်နှလုံးသားမှာ ထားပြီးပွားရတဲ့ ဘာဝနာ ဖြစ်ပေမယ့် မေတ္တာချစ်ဟာ သတ္တဝါပညတ်ကို အာရုံပြုရတာကြောင့် သူတစ်ပါးကို စိတ်နဲ့ပေးပို့လွှတ်ပြီး ချစ်လို့လည်း ဖြစ်ပါတယ်။ ကိုယ်နဲ့၊ နှုတ်နဲ့ မေတ္တာအမှုတွေ

http://www.dhammadownload.com



ပြုမူဆောင်ရွက်ပေးလို့လည်း မေတ္တာချစ် ဖြစ်တာပါပဲ။ ဒါနတွေ၊ သီလတွေက မေတ္တာမဖြစ်ပေမယ့်လို့ မေတ္တာချစ်မျိုးမှာတော့ ဒါနသဘော၊ သီလသဘောတွေပါဝင်ပြီး ဖြစ်လို့ပါပဲ။

အဲဒီလို သူတစ်ပါးကို ပေးပို့နိုင်ပေမယ့်လည်း ကိုယ့်မေတ္တာဓာတ်ကို သူတစ်ပါးရတာ/မရတာနဲ့တော့ မသက်ဆိုင်ပါဘူး။ သူရရ၊ မရရ။ ကိုယ့်မှာ မေတ္တာစိတ်ထားပြီး ပွားနေ၊ ပို့နေ၊ ချစ်နေနိုင်သမျှ မေတ္တာကုသိုလ်တွေ ဖြစ်ဖြစ် နေမှာပါ။ မေတ္တာဆိုတာကိုက ရဖို့၊ ရောက်ဖို့ထက် သတ္တဝါတွေအပေါ် မေတ္တာစစ်နဲ့ ချစ်ခင်စိတ်ထားနေ၊ ပွားနေရမယ့် ဘာဝနာကုသိုလ်ပါ။

## မေတ္တာ၏အာနိသင်

တစ်ချိန်တုန်းက ဝေလာမ အမည်ရှိတဲ့ ပုဏ္ဏားကြီးဟာ သာသနာပအခါမှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး တုန်လှုပ်ချောက်ခြားအောင် ရွှေငွေရတနာ၊ အစား၊ အဝတ်ပစ္စည်းအများအပြားကို လှူဒါန်းခဲ့ပါတယ်။ မြတ်စွာဘုရားက

http://www.dhammadownload.com



အဲဒီလိုဒါနကုသိုလ်ထက် သာသနာတွင်းမှာ သောတာပန် တစ်ဦးကို လှူဒါန်းနိုင်တဲ့ဒါနမျိုးက ပိုအကျိုးကြီးကြောင်း မိန့်တော်မူပါတယ်။

သောတာပန်တစ်ရာကို လှူဒါန်းမှုထက် သကဒါဂါမိတစ်ယောက်၊ သကဒါဂါမိတစ်ရာထက် အနာဂါမိတစ်ယောက်၊ အနာဂါမိတစ်ရာထက် ရဟန္တာ တစ်ပါး၊ ရဟန္တာတစ်ရာထက် ဘုရားရှင်တစ်ဆူ၊ ဘုရားရှင်တစ်ဆူထက် ဘုရားအမှူးပြု သံဃာကို လှူဒါန်း ကျွေးမွေးမှုက ပိုအကျိုးကြီးကြောင်း ဟောပါတယ်။

အဲဒီဒါနကုသိုလ်တွေထက် သရဏဂုံသုံးပါးကို ဆည်းကပ်မှု၊သရဏဂုံထက် ငါးပါးသီလဆောက်တည်မှု၊ သီလထက် နွားနို့တစ်ခါညှစ်အချိန်မျှ မေတ္တာပွားများမှုက အကျိုးကြီးကြောင်း၊ ထိုမေတ္တာပွားမှုထက် လက်ဖျစ်တစ် တွက်ခန့်မျှ ဝိပဿနာရှုမြင်မှုက ပိုအကျိုးကြီးကြောင်း ဟောတော်မူပါတယ်။ ဒါကိုကြည့်ပြီး မေတ္တာထက် အကျိုးကြီးမားတဲ့ ကုသိုလ်က ဝိပဿနာပဲ ရှိပါတော့ တယ်။ ပရမတ်ကို အာရုံပြုတဲ့ ဝိပဿနာ ကုသိုလ်မျိုးကို

http://www.dhammadownload.com



မပြုနိုင်သေးသမျှတော့ မေတ္တာစိတ်နှလုံးကို ဂရုစိုက်ပြီး ထားနေ၊ ပွားနေသင့်တာပေါ့။

## မေတ္တာစစ်၏တရားကိုယ်

မေတ္တာဟာ သတ္တဝါပညတ်ကို အာရုံပြုတာ ဖြစ်ပေမယ့် စိတ်ခံစားမှုသက်သက်နဲ့ တင်စားဖွဲ့ဆိုထားတဲ့ ပညတ်မျိုး မဟုတ်ပါဘူး။ တရားကိုယ်ထင်ရှားရှိတဲ့ ပရမတ်ပါ။ ပရမတ်တစ်ပါးအနေနဲ့ သီးခြားရေတွက် မထားပေမယ့် 'မေတ္တာနာမ အဒွေသော'အရ မုန်းခြင်းကင်းတဲ့ 'အဒေါသ' စေတသိက်ကို ကောက်ယူရပါတယ်။ ဘာဝနာအရာမှာတော့ အဒေါသစေတသိက်နဲ့ ယှဉ်နိုင်တဲ့ ကုသိုလ် သောဘနစိတ်တွေကိုပဲ မေတ္တာလို့ ဆိုရပါတယ်။

အဒေါသဆိုတာ ကုသိုလ်သောဘန စိတ်အားလုံးနဲ့ယှဉ်လို့ ဒါနပြု၊ သီလစောင့်၊ ဘုရားရှိခိုးမှုစသည်တွေမှာပါတဲ့ အဒေါသမျိုးတွေကတော့ မေတ္တာမဖြစ်ပါဘူး။ သတ္တဝါပညတ်ကို အာရုံပြုပြီး ချစ်ခင်စိတ်ဖြစ်တဲ့ အဒေါသပဲ မေတ္တာ ဖြစ်ပါတယ်။

http://www.dhammadownload.com



အဒေါသတရားဟာ အလောဘ၊ အမောဟတို့နဲ့အတူ ကုသိုလ်အားလုံးရဲ့ကြောင်းရင်း မူလတရားပါ။ ဘယ်လို ကုသိုလ်မျိုးကိုပဲပြုပြု ဒီမူလသုံးပါးမှာပဲ မြစ်ဖျားခံပြီး ဖြစ်လို့၊ အဒေါသယှဉ်တဲ့ ကုသိုလ်သောဘန စိတ်တိုင်းမှာ အလောဘ၊ အမောဟတွေလည်း ဖြစ်ယှဉ်နိုင်ကြမြဲပါပဲ။

ဒါကြောင့် မေတ္တာအရ အဒေါသကိုယူရပေမယ့် အဒေါသရဲ့အပေါင်းအဖော် အလောဘတွေ၊ အမောဟတွေနဲ့ ချစ်တာကိုလည်း မေတ္တာလို့သာ ဆိုရပါတယ်။ မေတ္တာချစ်ရဲ့ ပြည့်စုံတဲ့အဓိပ္ပါယ်က အပြစ်မကင်းတဲ့ အကုသိုလ်နဲ့ချစ်ခြင်း မဟုတ်ဘဲ အပြစ်ကင်းတဲ့ ကုသိုလ်စစ်စစ်နဲ့ ချစ်တာ ဖြစ်လို့ပါ။ ယုတ်နိမ့်တဲ့ အချစ်မျိုးမဟုတ်ဘဲ မြင့်မြတ်အကျင့်နဲ့ ချစ်ခြင်းပါ။

## မေတ္တာဂုဏ်ရည်

မေတ္တာနှလုံးသားကို ပိုင်ဆိုင်သူဟာ ဗြဟ္မာကြီးတွေပမာ မြင့်မြတ်တဲ့ နေခြင်းရှိတာကြောင့် "ဗြဟ္မ

http://www.dhammadownload.com



ဝိဟာရီ' ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ မြင့်မြတ်တဲ့အကျင့်မျိုးနဲ့ ပြည့်စုံလို့ 'ဗြဟ္မစာရီ' ပုဂ္ဂိုလ်လို့လည်း ခေါ်ပါတယ်။ အဲဒီလို မြင့်မြတ်တဲ့အကျင့်နဲ့ နေထိုင်သူတွေဟာ ယုတ်နိမ့်တဲ့ အစွန်းနှစ်ဖက်ကို ရှောင်ပြီး၊ မြင့်မြင့်တဲ့ အကျင့်နှစ်မျိုးကို ကျင့်ဆောင်တော်မူကြပါတယ်။

မေတ္တာနှလုံးသားမှာ စိတ်ဆိုးမှု 'ဒေါသ'နဲ့၊ တပ်မက်မှု 'တဏှာ'ဆိုတဲ့ ရန်သူနှစ်မျိုး၊ အစွန်းနှစ်ဖက် ရှိပါတယ်။ တဏှာနဲ့မေတ္တာဟာ ချစ်စရာအသွင်ကို ရှာပြီး မြင်တတ်ပုံချင်းတူလို့ အကြိုက်တူ - ရန်သူတွေပါ။ ဒေါသနဲ့ မေတ္တာကတော့ မီးနဲ့ရေပမာ၊ အပူနဲ့အအေး ဖြစ်လို့ သဘာဝချင်းမတူညီတဲ့ ဆန့်ကျင်ဘက် - ရန်သူတွေပေါ့။ တဏှာဟာ အနီးကပ်ရန်သူဖြစ်ပြီး ဒေါသကတော့ အဝေးခွာ ရန်သူမျိုးပါ။ (ရာဂေါ အာသန္နပစ္စတ္ထိကော။ ဗျာပါဒေါ ဒူရပစ္စတ္ထိကော)

မေတ္တာစစ်နဲ့ ချစ်တတ်သူတွေဟာ ကိုယ်မနှစ်သက်တဲ့၊ အလိုမကျတဲ့ ပုဂ္ဂိုလ်ပညတ်အာရုံတွေမှာ ဒေါသအစွန်း တစ်ဖက်နဲ့၊ ကိုယ်နှစ်သက်သဘောကျတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ် ပညတ်အာရုံတွေမှာ လောဘာအစွန်းတစ်ဖက်ကို ရှောင်ကြဉ်ရပါတယ်။

ကိုယ်မနှစ်သက်တဲ့ အနိဋ္ဌာရုံ ပုဂ္ဂိုလ်တွေအပေါ် မှာ ဒေါသဖြစ်တဲ့အခါ၊ ကိုယ်နှစ်သက်မြတ်နိုးတဲ့ ဣဋ္ဌာရုံ ပုဂ္ဂိုလ်တွေအပေါ်မှာ တဏှာဖြစ်တဲ့အခါ ရန်သူနှစ် ယောက်လက်အောက်မှာ မေတ္တာနှလုံးသားရဲ့ ကျဆုံး မှုပါ။ ဒေါသနဲ့၊ လောဘာဆိုတဲ့ အစွန်းနှစ်ဖက်ကို ရှောင် နိုင်တဲ့အခါ ရန်သူ့လက်အောက်မှ လွတ်မြောက်ရတော့ တာပါပဲ။

အဲဒီလို ရှောင်စရာအစွန်းနှစ်ဖက်ကို ရှောင်နိုင် လို့ ရန်သူ့လက်အောက်က လွတ်မြောက်သူဟာ ဆောင် စရာ တရားနှစ်မျိုးနဲ့ ပြည့်စုံအောင် ကျင့်သုံးနေထိုင်နိုင် ရပါတယ်။

ပထမတစ်မျိုးက အနိဋ္ဌာရုံဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါတွေနဲ့ ကြုံဆုံတိုင်းမှာ အဒေါသဆိုတဲ့ခန္တီတရားနဲ့ သည်းခံမှုပြုပြီး ကျင့်သုံးရပါတယ်။ ဒုတိယတစ်မျိုးက ဣဋ္ဌာရုံဖြစ်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ ကြုံဆုံလာတိုင်း

http://www.dhammadownload.com



အလောဘဆိုတဲ့ နေက္ခမ္မတရားနဲ့ စွန့်လွှတ်မှုပြုပြီး ကျင့်သုံးနိုင်ရပါတယ်။ ပုဂ္ဂိုလ်သတ္တဝါဖြစ်တဲ့ ပညတ်အာရုံတွေနဲ့ဆုံတိုင်း အဒေါသနဲ့သည်းခံခြင်း၊ အလောဘနဲ့ စွန့်လွှတ်အနစ်နာခံခြင်း အကျင့်နှစ်မျိုးဟာ မေတ္တာနှလုံးသားရဲ့ ပြည့်စုံကြောင်း၊ အောင်မြင်ကြောင်းပါပဲ။ (ဗျာပါဒဝူပသမော-သမ္ပတ္တိ၊ သိနေဟသမ္ဘဝေါ-ဝိပတ္တိ)

အချုပ်အားဖြင့်တော့ မေတ္တာနှလုံးသားရဲ့ ကျဆုံးခြင်းဟာ အပြစ်မကင်းသော လောဘနဲ့ချစ်ခြင်းရယ်၊ ဒေါသနဲ့မုန်းခြင်းရယ်ပါ။ မေတ္တာနှလုံးသားရဲ့ အောင်မြင်မှုဟာ အပြစ်ကင်းတဲ့ အလောဘနဲ့ စွန့်လွှတ်အနစ်နာခံပြီး ချစ်ခြင်းရယ်၊ အဒေါသနဲ့ သည်းခံပြီး ချစ်ခြင်းမျိုးရယ်ပါ။ အဲဒီလို အပြစ်မကင်းတဲ့ ချစ်ခြင်း၊ မုန်းခြင်းတွေကိုရှောင်ကြဉ်ပြီး အပြစ်ကင်းသော သည်းခံချစ်၊ စွန့်လွှတ်အနစ်နာခံ အချစ်တွေနဲ့ ပြည့်စုံသူဟာ မြင့်မြတ်တဲ့အကျင့်နဲ့ နေထိုင်ကျင့်သုံးသူ၊ ဗြဟ္မစိုရ်တရားပွားများအားထုတ်သူ၊ မေတ္တာအစစ်ရဲ့ ချစ်ခြင်းဂုဏ်ရှိသူ ဖြစ်ပါတယ်။

http://www.dhammadownload.com



## တဏှာချစ်မကင်းသူများ

လူရယ်လို့ မွေးဖွားရှင်သန်လာသူတိုင်းဟာ ချစ်ခြင်း မကင်းနိုင်ကြပါဘူး။ မွေးလာချိန်ကဟည်းက ဘဝနိကန္တိက လောဘခေါ် ဘဝတစ်ခုအပေါ်မှာ ချစ်တဲ့ တဏှာစိတ်နဲ့ပါ။

သေတဲ့အခါမှာလည်း နောင်ဘဝသစ်ကို လှမ်းမျှော်တဲ့ တဏှာစိတ်နဲ့ပဲ သေကြရပြန်တာပဲ။ ရှင်သန် နေထိုင်သမျှ အခိုက်အတန့်တွေမှာတော့ တဏှာချစ်တွေ ဟာ အစမှာ အသစ်ရှာဖွေချစ်၊ အလယ်မှာ နှစ်သက် မြတ်နိုးမှုနဲ့ချစ်၊ အဆုံးကျပြန်တော့ အဟောင်းကိုခွာ အသစ်ကို ရှာချစ်ဆိုတဲ့ 'ကာမတဏှာချစ်၊ ဘဝ တဏှာချစ်၊ ဝိဘဝတဏှာချစ်'တွေနဲ့ပဲ ဖြစ်ပျက် လည်ပတ်ပြီး ရှင်သန်နေကြရတာပဲ။

ဒါကြောင့်လည်း ပြောကြတာထင်ပါရဲ့။ 'အချစ် ဟာ ဘဝ၊ ဘဝဟာအချစ်'တဲ့၊ 'အချစ်မရှိရင် ဘဝဟာ အနှစ်ကင်းတယ်။ အဓိပ္ပါယ်မဲ့ပါတယ်'တဲ့။ ပရမတ် အမြင်နဲ့ နည်းနည်းလောက် စစ်ကြည့်ရအောင်ပါ။

http://www.dhammadownload.com



ကာမဘုံသား မိန်းမယောက်ျား သတ္တဝါအားလုံးဟာ ကာမအာရုံတွေအပေါ်မှာ ချစ်မြတ်နိုးတတ်တဲ့ ကာမတဏှာစိတ်နဲ့သာ ရှင်သန်ကြရတာပါ။ ရူပဗြဟ္မာ၊ အရူပဗြဟ္မာကြီးတွေတောင်မှ ရူပဈာန် အရူပဈာန်နဲ့ ဘဝတွေအပေါ်မှာ ချစ်မြတ်နိုးတတ်တဲ့ ရူပတဏှာစိတ်၊ အရူပတဏှာစိတ်တွေနဲ့ ရှင်သန်ကြရပါတယ်။

တဏှာအချစ် လုံးဝကင်းတဲ့ပုဂ္ဂိုလ်တွေကို ရှာကြည့်ရင်တော့ မြတ်စွာဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေကိုပဲ တွေ့ရမှာပါပဲ။ အနာဂါမ်တွေတောင်မှ ကာမတဏှာနဲ့ ဒေါသကိုပယ်ပေမယ့် တဏှာအချစ်ကို အမြစ်ပြတ်တော့ မပယ်သေးပါဘူး။ သကဒါဂါမ်တွေ၊ သောတာပန်တွေဆိုရင်လည်း ပုထုဇဉ်တွေနီးပါး တဏှာချစ် ကြီးမားတတ်ကြပါသေးတယ်။

အဲဒါကြောင့် သစ္စာအမြင်နဲ့ ကြည့်လိုက်ရင် အချစ် လုံးဝကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘုရားရှင်နဲ့ ရဟန္တာတွေပါ။ အချစ် ကင်းတဲ့နေရာဆိုရင်တော့ နိဗ္ဗာန်နဲ့ ငရဲကြီးရှစ်ထပ်ပေါ့။ နိဗ္ဗာန်မှာ ကိလေသာ လုံးဝကင်းငြိမ်းနေလို့

http://www.dhammadownload.com



ပါ။ ငရဲမှာတော့ ချစ်ဖို့ အချိန်မရကြလို့၊ မချစ်အားကြလို့ပါပဲ။ 'အချစ်ရှိမှ ဘဝက အဓိပ္ပါယ်ပြည့်စုံမယ်' ဆိုကြရင်တော့ တဏှာချစ်မျိုး မဟုတ်ဘဲ မေတ္တာစစ်နဲ့ချစ်တဲ့ ကုသိုလ်ချစ်မျိုးကို ရည်ညွှန်းမှ မှန်ပါလိမ့်မယ်။

## မူပိုင်မရှိတဲ့အချစ်

လူသားတွေကအစ တိရစ္ဆာန်တွေအဆုံး မိန်းမ၊ ယောက်ျား၊ အထီးအမသတ္တဝါအားလုံးဟာ အချိန်ရှိရှိသမျှ နေ့နေ့ညညမှာ ချစ်သူချစ်နဲ့ ချစ်လိုက်ကြ၊ မိသားစုချစ်နဲ့ ချစ်လိုက်ကြနဲ့ 'ချစ်အစ၊ ချစ်အလယ်၊ ချစ်မဆုံး' အောင် ရယ်ပါ။

ဘာတွေကို ချစ်ကြတာတုန်း? ဆိုတော့ မြင်စရာ၊ ကြားစရာ၊ နမ်းရှိုက်စရာ၊ စားသောက်စရာ၊ ထိတွေ့ခံစားစရာဆိုတဲ့ ချစ်စရာအသွင်နဲ့ မြင်ထားတဲ့ ပုဂ္ဂိုလ်သတ္တဝါပစ္စည်းဥစ္စာအာရုံတွေ၊ ကာမဂုဏ်အာရုံတွေကိုပေါ့။ အဲဒီလို ချစ်စရာအာရုံတွေကို အပြစ်မမြင်ဘဲ တဏှာနဲ့ ချစ်ကြင်နေမိကြလို့လည်း (၃၁)ဘုံ နယ်နိမိတ်အတွင်းမှာ

http://www.dhammadownload.com



ကရွတ်ကင်းလျှောက်သလို လည်ပတ် နေကြရတာပါပဲ။ အဲဒါကြောင့် မြတ်စွာဘုရားက-

**ဥက္ခိတ္တာ ပုညတေဇေန၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

**ဘဝဂ္ဂန္တမ္ပိ သမ္ပန္နံ၊ ပုနဂစ္ဆန္တိ ဒုဂ္ဂတိံ** 'ရယ်လို့ ဟောတော်မူထားပါတယ်။

ကုသိုလ်ကံဆိုတဲ့ မြားနဲ့ပစ်လိုက်တဲ့အခါ ကံအရှိန်ပစ်အားကောင်းလို့ အခွင့်သင့်ရင် ဘဝဂ်ခေါ်တဲ့ ထိပ်ဆုံးဗြဟ္မာ့ဘုံအထိ မြင့်တက်သွားနိုင်ပါတယ်။ နတ်ပြည်ကိုလည်း ရောက်သွားနိုင်တယ်။ လူ့ပြည်ကိုလည်း ရောက်လာနိုင်ပါတယ်။ ဒါပေမယ့် ကံအရှိန်ကုန်သွားတာနဲ့ အောက်ကိုပြန်ပြုတ်ကျပြီး ကိုယ့်အိမ်မှာ မိသားစုတွေနဲ့ပဲ ပြန်ဆုံစည်း ကြရပါတယ်။ ကိုယ့်အိမ်ဆိုတာ ခြံဝန်းကျယ် လှတဲ့လမ်းပေါ်က အိမ်ကြီးတွေတော့ မဟုတ်ပါဘူး။

တကယ်ဆိုရင် သံသရာလည်နေရသမျှ ပုထုဇဉ် သတ္တဝါတိုင်းမှာ ကိုယ့်မူပိုင်ဆိုလို့ ဘာရယ်မျှကို မရှိနိုင်ပါဘူး။ မူပိုင်အိမ်မရှိ၊ ယာမရှိ၊ ကျောင်းမရှိ။ ခြံမရှိ၊ ဝန်းမရှိ။ တိုက်၊ကား မရှိ။ ပစ္စည်းဉစ္စာ၊ ရာထူးအာဏာမရှိ။

http://www.dhammadownload.com


ဇနီးမရှိ၊ ခင်ပွန်းမရှိ။ ကိုယ့်မူပိုင် အချစ်ဆုံးဆိုသူလည်း မရှိပါဘူး။ တစ်ဘဝမှာ တစ်ကိုယ်စာ တစ်ခဏတာမျှ ပိုင်ဆိုင် နေကြရတာကိုပဲ 'ငါ့အိမ်၊ ငါ့ကျောင်း၊ ငါ့ပစ္စည်း' ဆိုပြီး မူမပိုင်တာကို ကိုယ့်ဘာသာပဲ 'မူပိုင်' လုပ်ထားကြတာပါ။ တကယ်တမ်းကတော့ အတိတ်နဲ့ ပစ္စုပ္ပန် ကံနှစ်ခုပေါင်းပြီး အကြောင်းပြုလိုက်လို့သာ အကျိုးဆက်တွေအနေနဲ့ တစ်ဘဝမှာ ဝိပါက်+ရုပ်+နာမ် ခန္ဓာတွေကို ခဏတာ၊ အငှါး သဘောမျိုးနဲ့ ရရှိပိုင်ဆိုင် ထားကြရတာပါ။

ကိုယ့်မူပိုင်သာ ဖြစ်မယ်ဆိုရင်တော့ ကိုယ်ပိုင် ဆိုင်တဲ့အရာမှန်သမျှ တစ်ပါးလူ လုံးဝပိုင်ဆိုင်ခွင့် ရှိမှာ မဟုတ်ပါဘူး။ ကိုယ်သွားလေရာနောက်မှာ တစ်ကောက် ကောက် လိုက်ပါနေနိုင်မှာပါပဲ။ ခုတော့ ဟိုဘဝမှာ တုန်းက ကိုယ့်မူပိုင်။ ဒီဘဝ ရောက်တော့ တစ်ပါးလူ ပိုင်သွားပြန်ရောပဲ။ ဟိုနှစ်တုန်းကတော့ ကိုယ်တစ်ဦးသာ ပိုင်ထားတာ။ ဒီတိုက်၊ ဒီကား၊ ဒီခြံ၊ ဒီပစ္စည်း၊ ဒီဇနီး၊ ဒီခင်ပွန်းတွေ၊ အချစ်ဆုံးသူတွေပေါ့။ ဒီနှစ်မှာတော့ ကိုယ်

http://www.dhammadownload.com



မမျှော်လင့်ထားတဲ့ နာဂစ်မုန်တိုင်းတွေ၊ မီးတွေ၊ ရေတွေ၊ ကံကြမ္မာဆိုးတွေက ကိုယ့်ထံကနေ ပြန်လုယူသွားလေ တော့ ကိုယ်နဲ့လားလားမှ မသက်ဆိုင်နိုင်တော့ဘူးဘဲ။

## ကိုယ်မပိုင်တဲ့ဘုရင်ကြီး

တစ်ချိန်တုန်းက ကိုယ်မပိုင်တာကို ကိုယ်ပိုင် လုပ်ခဲ့လို့ အကြီးအကျယ် စိတ်ဒုက္ခရောက်ခဲ့ရတဲ့ 'အသက' ဆိုတဲ့ ဘုရင်ကြီးတစ်ပါး ရှိပါတယ်။ 'သက' ဆိုတာက ကိုယ်ပိုင်လို့ ပြောတာ။ 'အသက' ဆိုတော့ ကိုယ်မပိုင်ပေါ့။ကိုယ်မပိုင်ဘုရင်ကြီးဟာ သူ့အချစ်ရဆုံး ဖြစ်တဲ့ ဉပရီမိဖုရားကြီးကို အင်မတန်ချစ်လွန်းလို့ သေ သွားတာတောင်မှ မစွန့်လွှတ် နိုင်ပါဘူး။ ချစ်စိတ်တွေ ယိုဖိတ်ပြီး စားမဝင်၊ အိပ်မပျော်၊ နေမထိထိုင်မသာနဲ့ မြားဒဏ်မိတဲ့သမင်ငယ်ပမာ ခံစားနေရရှာတယ်။ သူ့ အမြင်မှာတော့ သူအချစ်ရဆုံးမိဖုရားဟာ ဘယ်ဘဝ၊ ဘယ်အခြေအနေပဲ ရောက်ရောက် သူသိပ်ချစ်သလိုပဲ၊ သူ့ကိုလည်း အချစ်ဆုံးပဲလို့ ထင်မှတ်မှားနေမိတာပေါ့။

http://www.dhammadownload.com



မိဖုရားဟာ သူ့အတွက် သူတစ်ဦးတည်းရဲ့ မူပိုင်ပဲ။ သူကလည်း မိဖုရားတစ်ဦးတည်းအတွက် မူပိုင်ပဲဆိုတဲ့ ဥပါဒါန်အစွဲနဲ့ အသိအမြင် လွဲမှားနေမှုပါ။ ဒါကြောင့်လည်း အခြားမိဖုရားသစ်တွေ အများကြီး ပိုင်ခွင့်ရှိပါလျက်နဲ့ သေသွားတဲ့ မိဖုရားရဲ့ ရုပ်ခန္ဓာအပုပ်ကိုပဲ ရွှေခေါင်းထဲထည့်ပြီး အဟုတ်ထင်၊ အကောင်းမြင်နဲ့ ချစ်ကြင် နေခဲ့သေးတာပေါ့။

မိဖုရားကတော့ ဒီဘဝဒီကိုယ်မှ ခွာပြီးကတည်းက ဘဝသစ်မှာ နွားချေးပိုးမဖြစ်ပြီး လင်အသစ်နဲ့ အချစ်ကြီးချစ်နေလိုက်တာကို သူမသိရှာဘူး။ ဗျာန်အဘိညာဉ်ရတဲ့ရသေ့ကြီးက တန်ခိုးနဲ့ခေါ်ပြပြီး 'နင့်လင်ဟောင်းဖြစ်တဲ့ ဘုရင်ကြီးနဲ့ လင်သစ်နွားချေးပိုးဖိုတို့ နှစ်ယောက်မှာ ဘယ်သူ့ကို ပိုချစ်တုန်း' လို့ မေးတော့ 'အရှင်ရသေ့ ဖြစ်နိုင်မယ်ဆိုရင်လေ ဘုရင်ကြီးရဲ့ လည်ပင်းသွေးကို ဖောက်ပြီး ကျွန်မလင် နွားချေးပိုးဖိုရဲ့ခြေကို လိမ်းကျံပေးလိုပါတယ်' တဲ့။ ဒါဟာ မယုံနိုင်လောက်တဲ့ ရင်နင့်ကြေကွဲစရာ ဇာတ်လမ်းမျိုးဖြစ်ပေမယ့် သစ္စာဉာဏ်

http://www.dhammadownload.com



ထိုက်တဲ့ တကယ့်ဖြစ်ရပ်မှန် သဘောတရားပါ။ လက်မခံချင်ရင်လည်း လက်ခံလိုက်တာထက်ပိုကောင်းတာ မရှိနိုင်ပါဘူး။

တဏှာချစ်ဆိုတာမျိုးဟာ ဒီအတိုင်းပါပဲ။ 'ပေါနော ဘ္ဘဝိကာ' အသစ်အသစ်ကို ပိုပိုချစ်တတ်မြဲပဲ။ 'တတြတတြာ ဘိနန္ဒိနီ' ရောက်ရာဘဝ၊ ကြုံရာအာရုံမျိုးတွေမှာ အပြစ်မမြင် ချစ်ကြင်တတ်မြဲပဲလို့ ဟောတော်မူပါတယ်။

အသေကာဘုရင်ကြီးလို ကြေကွဲစရာအဖြစ်မျိုးနဲ့ ကြုံရသူတိုင်းမှာ မူပိုင်မရှိတဲ့ တဏှာချစ်မျိုးမှာ မူပိုင်ရှာချစ်မိတဲ့ ကိုယ့်အမှားကလွဲပြီး ဘာအကြောင်းပြချက်ကမှ ယုတ္တိ မရှိနိုင်ပါဘူး။ လူတိုင်းဟာ တစ်ဘဝစီမှာ ဘယ်အရာကိုမျှ ကိုယ်တကယ် မပိုင်နိုင်ပါဘူး။ ယာယီတွေသာ ပိုင်ကြတဲ့ 'အသေက' တွေပါပဲ။ ကိုယ်မပိုင်တဲ့ 'အသေက' တွေကိုပဲ ကိုယ်တကယ် ပိုင်လှပြီအထင်နဲ့ 'သက' လုပ်နေသမျှတော့ ဒုက္ခပြီးရင်း ဒုက္ခကလွဲလို့ သုခတွေကို မျှော်လင့်ခွင့် မရှိပါဘူး။

http://www.dhammadownload.com



မြတ်စွာဘုရားက **'အဿကော လောကော'** တဲ့။ ဒီလူသားတွေမှာ ကိုယ့်မူပိုင်ဆိုလို့ ဘာတစ်ခုမျှ မရှိပါ။ **'သဗ္ဗံ ပဟာယ ဂမနီယံ'** အရာအားလုံးကို ဘယ်လိုပဲ စွဲထားထား၊ ဆုပ်ထားထား၊ နောက်ဆုံးမှာ စွန့်လွှတ်သွားခံကြရတာပဲတဲ့။ ကိုယ်က အရင်လွှတ်ရင် လွှတ်ပေါ့။ မဟုတ်ရင်တော့ အဿက ဘုရင်ကြီးလိုမဲ၊ သူလွှတ်သွားတာကို မလွှဲမသွေ ခံကြရမှာပါပဲ။

ဒီဘဝမှာရော အတိတ်တွေကိုပါ ကိုယ်တိုင်ပြန်ကြည့်လို့သာ သိနိုင်မယ်ဆိုခဲ့ရင် ကိုယ့်မူပိုင်ပဲရယ်လို့ သတ်မှတ်ထားခဲ့တဲ့ ကိုယ့်အချစ်ဆုံးပုဂ္ဂိုလ်တွေ၊ အချစ်ဆုံးအာရုံတွေဟာ ရေတွက်လို့တောင်မှ ရနိုင်တော့မှာ မဟုတ်ပါဘူး။

တကယ်လို့ မူပိုင်မရှိတဲ့ တဏှာချစ်တွေနဲ့ မူပိုင်ရှာချင်တယ်ဆိုရင်တော့ အဋ္ဌကထာဆရာကြီးက ပုထုဇဉ်ပုဂ္ဂိုလ်တွေအတွက် မူပိုင်သတ်မှတ်ပေးထားတာ တစ်ခု ရှိပါတယ်။

**'စတ္တာရော အပါယာ သကဂေဟသဒိသာ'**

http://www.dhammadownload.com



တဲ့။ အပါယ်လေးဘုံဟာ ပုထုဇဉ်သတ္တဝါတွေရဲ့ ကိုယ့်မူပိုင်အိမ်ပါတဲ့။ ခြံဝန်းကျယ်နဲ့ လမ်းထိပ်က တိုက်အိမ်ကြီးတွေ၊ ဇိမ်ခံကားများ၊ သမီးသားတွေ၊ ရာထူးအာဏာ၊ စည်းစိမ်ဥစ္စာတွေဆိုတာကတော့ တစ်ဘဝစာချုပ်၊ နှစ်ချုပ်တွေနဲ့ အငှါးလုပ်ထားတာပေါ့။ ကံဆိုတဲ့ ကိုယ့်ပေးငွေတွေကုန်လို့ စာချုပ်စေ့တဲ့နေ့လည်းရောက်ရော '**ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုံ့ရှုံ့**' ဆိုတဲ့အတိုင်းပဲ။ အပါယ်လေးဘုံမှာပဲ ပြန်လည်ဆုံတွေ့ကြရမြဲ ဓမ္မတာပါပဲတဲ့။

အားလုံးသိထားကြတဲ့ တရားဂုဏ်တော်(၆)ပါးထဲမှာ '**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**' ဆိုတဲ့ ဂုဏ်တစ်ခု ပါရှိပါတယ်။ ပစ္စတ္တံ-ဆိုတာ အသီးအသီးကိုယ်တိုင်ကိုယ်ပိုင် ကိုယ်သာဆိုင်ဆိုတဲ့ မူပိုင်အဓိပ္ပါယ်ပါ။ 'သောတာပန်စတဲ့ အရိယာပညာရှိ ပုဂ္ဂိုလ်ကြီးတွေမှာ ကိုယ့်မဂ်၊ ကိုယ့်ဖိုလ်ဆိုတဲ့ချမ်းသာကို ကိုယ့်မူပိုင် 'နိယတ' အဖြစ်နဲ့ ခံစားကြရတဲ့ဂုဏ်' ဖြစ်ပါတယ်။

အနည်းဆုံး သောတာပန်အရိယာဘဝ ရောက်ပြီ

http://www.dhammadownload.com



ဆိုတာနဲ့ ကိုယ်ရတဲ့မင်္ဂလာဖိုလ်ချမ်းသာကို သူတစ်ပါးကို 'ရော၊ အင့်'ဆိုပြီး စေတနာရှိလို့၊ ဝေမျှခံစားလို့ မရနိုင်ပါဘူး။ သူတစ်ပါးကလည်း'မပေး၊ ပေးပေး ယူမှာပဲ' ဆိုပြီး အဓမ္မအနိုင်ကျင့်၊ လုယူလို့မရနိုင်တဲ့ ကိုယ်တစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရှိတဲ့ မူပိုင်သုခမျိုး ဖြစ်ပါတယ်။ ဒါကြောင့် တကယ့်မူပိုင်အစစ်ကို ရယူလိုသူတွေအဖို့ အနည်းဆုံးတော့ သောတာပန်အရိယာ ဖြစ်အောင် ကြိုးစားရုံမှတစ်ပါး အခြားနည်းလမ်း ရှိနိုင်မယ် မထင်ပါဘူး။ ပုထုဇဉ်ဘဝဆိုတာကိုက မူပိုင်'နိယတ' သဘောကင်းမဲ့ပါတယ်။ အပါယ်လေးဘုံဆိုတဲ့ ကိုယ့်အိမ် ကိုယ်ပြန်ရုံကလွဲရင်ပေါ့လေ။

အဲဒီလို မူပိုင်မရှိနိုင်တဲ့ ပုထုဇဉ်ဘဝတွေမှာ မူပိုင်တွေ ရှာပြီးရင်း၊ ရှာကြရင်းနဲ့ပဲ (၃၁)ဘုံ နယ်နိမိတ် အတွင်းမှ မလွတ်ကင်းနိုင်ဘဲ လည်ပတ်နေရတာကိုက အကြောင်းရှာရင် 'အဝိဇ္ဇာ-ပစ္စယာ-တဏှာ'ပါတဲ့။ မသိမိုက်မဲမှုကြောင့် တစ်ဦးနဲ့တစ်ဦး တဏှာချစ်တွေနဲ့ ရစ်ပတ်ဖွဲ့နှောင်ပြီး ချစ်ကြိုးတွေ အသွယ်သွယ် ချည်တွယ် နေမိကြလို့ရယ်ပါပဲ။

http://www.dhammadownload.com



## အစွန်းရောက်တဲ့အချစ်

ကိုယ့်အချစ်ဆုံးသူကိုပဲ ဖြစ်ဖြစ်၊ ကိုယ့်မိသားစုကိုပဲဖြစ်ဖြစ်၊ ကိုယ့်စည်းစိမ်ဥစ္စာ အာဏာ ရာထူးတွေကိုပဲဖြစ်ဖြစ် တဏှာ၊ လောဘနဲ့ ချစ်နေသမျှ အပြစ်တွေပဲ ဖြစ်လာရပါတယ်။

တဏှာ၊ လောဘရဲ့သဘောက 'ငါ'ဆိုတဲ့ အတ္တကိုဗဟိုရ်ပြုလို့ပါ။ ချစ်တတ်တဲ့စိတ်နှလုံးက လောဘဆိုတဲ့ ပရမတ်ပါ။ လောဘဆိုတာမျိုးက ကိုယ်ချစ်ရတဲ့ ပုဂ္ဂိုလ်တွေ၊ အာရုံဝတ္ထုတွေထံမှာ ဣဋ္ဌာရုံဆိုတဲ့ သာယာစွဲမက်စရာတွေ ရှိတုန်းအခိုက်မှာပဲ ပျော်မွေ့နေတတ်၊ ချစ်နေတတ်တာပါ။

ပျော်မွေ့နေတုန်း၊ ချစ်နေတုန်းမှာလည်း ငါ့ဟာရယ်လို့ တဏှာနဲ့သိမ်းပိုက်ပြီး၊ ငါမို့လို့ရယ်လို့ မာနနဲ့နမ်းရှိုက်ကာ၊ ငါပဲဆိုတဲ့ အတ္တနဲ့ ဆုပ်ကိုင်ထားမှုကြောင့် ငါနဲ့ပတ်သတ်ပြီး လိုက်လျောခြင်း၊ ခွင့်ပြုခြင်းဆိုတဲ့ 'အနုရောဓ' အစွန်းတစ်ဖက်ကို ရောက်နေ ရတတ်ပါတယ်။

http://www.dhammadownload.com



ကိုယ်ချစ်ရတဲ့ပုဂ္ဂိုလ်တွေ၊ အာရုံဝတ္ထုတွေထံမှာ သာယာစွဲမက်စရာတွေ ကုန်ပျောက်ပြီး အနိဋ္ဌာရုံဆိုတဲ့ မသာယာစရာ၊ မစွဲမက်စရာတွေ ပေါ်ပေါက်လာပြန်တော့လည်း တဏှာ၊ လောဘနေရာမှာ ဒေါသဆိုတဲ့ အမုန်းတရားတွေကိုပဲ မွေးဖွားပေးပြန်ပါတယ်။

အမုန်းတွေရောက်နေတုန်း၊ မုန်းနေတုန်းမှာလည်း ကိုယ်မပိုင်လို့ အပိုမြင်ပြီး ငြိုငြင်တတ်တဲ့ 'ဣဿာ'တွေ၊ ကိုယ်ပိုင်အမြင်နဲ့ သဝန်တိုတတ်ပြန်တဲ့ 'မစ္ဆရိယ'တွေ၊ ကိုယ့်အပြစ်ကို နောင်တပူဆွေးပြီး စိတ်လေးနေရတတ်တဲ့ 'ကုက္ကုစ္စ'တွေဖြစ်ပြီး ငါနဲ့ပတ်သတ်လို့ မလိုက်လျောမှု၊ ငြင်းဆန်မှုဆိုတဲ့ 'ဝိရောဓိ' အစွန်းတစ်ဖက်ကိုပဲ ရောက်ရ တတ်ပြန်ပါတယ်။

အဲဒီလို အစွန်းနှစ်ဖက်ကို ရောက်နေရတတ်တဲ့ တဏှာချစ်၊ လောဘချစ်မျိုးဟာ အပြစ်တွေရောက်လာပြီဆိုတာနဲ့ ဟိုးအရင်တုန်းက အချစ်ဆိုတာတွေ ပျောက်ဆုံးပြီး အမုန်းတွေနဲ့ပဲ နိဂုံးသတ်ကြရပါတယ်။ ချစ်နေတုန်းမှာလည်း အပြစ်မကင်းဘဲ၊ မုန်းသွားကြပြန်တော့လည်း အရှုံးပဲ ထွက်ရတတ်တဲ့ အချစ်မျိုးပါပဲ။

http://www.dhammadownload.com



# မေတ္တာစစ်ဖြင့် ချစ်လိုက်ပါ

ချစ်သူချစ်ဟာ အတ္တကို ဗဟိုပြုတာကြောင့် တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါတွေနဲ့ ငါအပွားဆုံးဖြစ်တဲ့ 'ငါပွားချစ်' ဖြစ်ပါတယ်။ မိသားစုချစ်ကတော့ အတ္တကို ဗဟိုပြုတတ်ပေမယ့် ငါပွားဘက်လည်း ကပ်နိုင်သလို၊ ငါပါးဘက်လည်း ရပ်တည်နိုင်ပါတယ်။ မေတ္တာချစ်ကတော့ အတ္တကို ဗဟိုပြုခြင်းမဟုတ်လို့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ငါကို ပါးစေတတ်တဲ့ 'ငါပါးချစ်' ပါပဲ။

ငါပွားချစ်ဆိုတာ လောဘ၊ ဒေါသ၊မောဟဆိုတဲ့ အကုသိုလ်တွေကိုပဲ တိုးပွားလာစေလို့ အကုသိုလ်ဖြစ် အချစ်မျိုးပါ။ ငါပါးချစ်မျိုးကတော့ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်တရားတွေကိုသာ တိုးပွားလာစေတတ်လို့ ကုသိုလ်ဖြစ်၊ ပါရမီချစ်မျိုး ဖြစ်ပါတယ်။

ကုသိုလ်ဖြစ်တဲ့ ပါရမီချစ်မျိုးဟာ မေတ္တာစစ်နဲ့ ချစ်မှုမျိုး ဖြစ်ပါတယ်။ အတ္တကို ဗဟိုမပြုတာကြောင့် လောဘနဲ့ ရယူပိုင်ဆိုင်လိုတဲ့ အာရုံတွေအပေါ်မှာလည်း

http://www.dhammadownload.com



အလောဘနဲ့ စွန့်လွှတ်ပြီး၊ အနစ်နာခံကာ ချစ်လာနိုင်ပါတယ်။ ဒေါသနဲ့ မုန်းစရာအာရုံတွေအပေါ်မှာလည်း အဒေါသနဲ့ သည်းခံပြီး၊ ခွင့်လွှတ်ကာ ချစ်လာနိုင်ပါတယ်။ အာရုံတွေကြောင့် အကုသိုလ်တွေမဖြစ်ဘဲ ကုသိုလ်တွေပဲ ဖြစ်နိုင်တဲ့ အပြစ်ကင်းတဲ့ ချစ်ခြင်းမျိုး၊ အာရုံတွေအပေါ်မှာ 'ကြိုက်ခြင်းနဲ့ ကြောက်ခြင်း' အစွန်းနှစ်ဖက်မှ လွတ်ကင်းတဲ့ချစ်ခြင်းမျိုးဟာ မေတ္တာစစ်နဲ့ ချစ်ခြင်းမှတစ်ပါး အခြားမရှိနိုင်တော့ပါဘူး။

မေတ္တာစစ်နဲ့ချစ်တဲ့ အချစ်မျိုးဟာ ချစ်သူတစ်ယောက်ကိုလည်း ချစ်နိုင်သလို၊ မိသားစုများကိုလည်း ချစ်နိုင်ပါတယ်။ ချစ်သူမဟုတ်သူ၊ မိသားစု မဖြစ်သူတွေအပေါ်လည်းချစ်နိုင်သလို၊ မုန်းသူတွေ၊ မချစ်မမုန်းသူတွေအပေါ်လည်း ချစ်လို့ရတာပါပဲ။ မေတ္တာစစ်နဲ့ ကိုယ့်ချစ်သူအပေါ်၊ မိသားစုအပေါ် ချစ်နိုင်တဲ့အခါ ချစ်သူမေတ္တာတွေ၊ မိသားစုမေတ္တာတွေပါ ခိုင်မြဲလာပြီး အေးချမ်းသာယာစွာ ရေရှည်လက်တွဲ သွားနိုင်ပါတယ်။

မေတ္တာစစ်နဲ့ ချစ်သူမဟုတ်သူ၊ မိသားစု

http://www.dhammadownload.com



မဟုတ်သူ၊ မုန်းသူ၊ မချစ်မမုန်းသူတွေကို ချစ်နိုင်တဲ့အခါ လောကရဲ့ပဋိပက္ခတွေ၊ အနှောင်အဖွဲ့တွေ လွင့်ပျောက်ပြီး လွတ်မြောက်ငြိမ်းချမ်းမှုတွေ ရရှိလာမှာ မလွဲသေချာလှပါတယ်။

ဒါကြောင့် ကိုယ့်ချစ်သူ တစ်ဦးတစ်ယောက်အပေါ်မှာလည်း တဏှာပေမ အချစ်သက်သက်မျိုးနဲ့ မချစ်မိစေဘဲ မေတ္တာချစ် ထက်ဝက်ရောစပ်ပြီး ချစ်နိုင်ဖို့ လိုပါတယ်။

ကိုယ့်မိသားစုအပေါ်မှာလည်း ဂေဟဿိတပေမ အချစ်သက်သက်နဲ့ မချစ်ကြဘဲ မေတ္တာချစ် ထက်ဝက်ရောစပ်ပြီး ချစ်နိုင်ကြဖို့ လိုပါတယ်။ ကိုယ့်ချစ်သူလည်းမဟုတ်၊ မိသားစုလည်းမဟုတ်တဲ့ မချစ်မမုန်းသူတွေ၊ ရန်သူတွေအပေါ်မှာလည်း ကုသိုလ်တွေဖြစ်ပြီး၊ ပါရမီတွေ ပြည့်စုံလာအောင်လို့ မေတ္တာစစ်နဲ့ မဖြစ်မနေ ချစ်နိုင်လိုက်ကြဖို့ ကြိုးစားရပါမယ်။

## မေတ္တာပေးမှ မေတ္တာရ

မေတ္တာစစ်ရဲ့သဘောက ဒေါသဆိုတဲ့အမုန်းကို

http://www.dhammadownload.com



ပယ်ဖျောက်ကာ သည်းခံခွင့်လွှတ်ပြီး ချစ်ခြင်းမျိုး၊ တဏှာအပြစ်ကို ပစ်ပယ်ကာ စွန့်လွှတ်၊ အနစ်နာခံပြီး ချစ်ခြင်းမျိုးပါ။

ကိုယ်က မုန်းသူနဲ့၊ ကိုယ့်ကို မုန်းသူတွေ၊ ကိုယ့်ကိုနည်းမျိုးစုံနဲ့ ဒုက္ခပေးနေတဲ့ ရန်သူတွေအပေါ်မှာ သူဆိုးသလို ကိုယ်ပြန်မဆိုးမိတဲ့အခါ သူ့အပေါ် ဖြစ်ပေါ်လာမယ့် ဒေါသအမုန်းကို အဒေါသဆိုတဲ့ ခန္တီနဲ့ သည်းခံခွင့်လွှတ် နိုင်လိုက်တာပါ။ သည်းခံခွင့်လွှတ်မှုဆိုတဲ့ ခန္တီတရားဟာ သူတော်ကောင်းတို့ရဲ့ လက်နက်တစ်ခုမို့ လူတိုင်းအသုံးပြုနိုင်ဖို့ သိပ်ခက်လှပါတယ်။ အဲဒီလို ခက်ခဲတဲ့ သည်းခံမှုကိုပြုဖို့ လွယ်ရင်တောင်မှ သူ့ကို မေတ္တာစစ်နဲ့ ပြန်ချစ်လိုက်ဖို့ဆိုတာ လွယ်ကူနိုင်ပါ့မလား?။

မေတ္တာစစ်နဲ့ ချစ်တယ်ဆိုတာ သူ့ကောင်းကျိုးကို ရှေးရှုပြီး ပြုမူ၊ ပြောဆို၊ ကြံစည်ဆောင်ရွက်ပေးရတာပါ။ လူဆိုတာ ကိုယ့်အပေါ် ကောင်းနေသူ၊ ကိုယ့်ကို ချစ်ခင်နေသူတွေကို မေတ္တာစစ်နဲ့ချစ်ရတာ လွယ်နိုင်ပေမယ့်

http://www.dhammadownload.com



ကိုယ့်အပေါ် ဆိုးလွန်းနေသူ၊ မုန်းတီးသူ၊ ရန်သူမျိုးတွေကိုတော့ မေတ္တာစစ်နဲ့ ချစ်နိုင်ဖို့ဟာ သိပ်ခဲယဉ်းလွန်းလှပါတယ်။

'သူ့ကို သူ့လိုပြန်ပြီး မယုတ်မာတာ၊ မတုန့်ပြန်တာပဲ တော်လွန်းလှပြီ၊ မေတ္တာစိတ်နဲ့ချစ်ခင် ဆောင်ရွက်ပေးဖို့ ဘာလိုဦးမှာလဲ' ဆိုတဲ့ ခံယူချက်မျိုးပဲ ဖြစ်ဖြစ်လာတတ်တာပါပဲ။

ဒါက ပုထုဇဉ်ပီဇရဲ့ အတ္တ၊ မာနမျိုးစိတ်တွေကြောင့်ပါ။ မေတ္တာစစ်နဲ့ ချစ်တတ်လိုသူဟာ ကိုယ့်အပေါ် ကောင်းသူထံက လွယ်ကူတဲ့ မေတ္တာမျိုးတွင်မကဘဲ ကိုယ့်ကိုဆိုးသူထံက ခက်ခဲတဲ့ မေတ္တာမျိုးကိုပါရအောင်ယူနိုင်ရပါတယ်။ သူတော်တော်၊ မတော်တော်ကိုယ်မဆိုးရတဲ့ အချစ်မျိုးနဲ့ ချစ်ရပါတယ်။

ကိုယ့်အပေါ် ဆိုးသူတွေကို ခန္တီနဲ့ သည်းခံခွင့်လွှတ်မှု ပထမဆင့်ကို ကျော်ဖြတ်ပြီးရင်တော့ သူ့အကျိုးကို ပြောဆိုပြုမူ ဆောင်ရွက်စိတ်လေးမွေးပြီး ဒုတိယဆင့်ကိုပါ အရောက် သွားနိုင်ရပါတယ်။ ဒါက

http://www.dhammadownload.com



ကိုယ့်ရန်သူ၊ ကိုယ်မုန်းသူတွေကို မေတ္တာပေးတဲ့ သဘောပါ။

နောက်တစ်ခါ ကိုယ့်အပေါ် အင်မတန်ကောင်း နေသူ၊ ကိုယ့်ကိုချစ်သူ၊ ကိုယ်က အင်မတန် ချစ်လွန်းသူ မျိုးကို မေတ္တာစစ်နဲ့ချစ်ရတာမျိုးကလည်း သိပ်လွယ်ကူတဲ့ အလုပ် မဟုတ်ပါဘူး။ သူ့ကို မြင်လိုက်တိုင်း၊ သူ့ အကြောင်း တွေးမိတိုင်းမှာ တဏှာချစ် မဖြစ်အောင် နေနိုင်ခြင်းဟာ ဖြစ်ပေါ်လာနိုင်တဲ့ ရယူလိုမှု လောဘကို အလောဘဆိုတဲ့ နေက္ခမ္မနဲ့ စွန့်လွှတ်၊ အနစ်နာခံနိုင် လိုက်ခြင်းပါ။

ကိုယ်က စွန့်လွှတ်၊ အနစ်နာခံမှုဆိုတဲ့ နေက္ခမ္မ သဘောကလည်း သူတော်ကောင်းတို့ရဲ့ လက်နက်တစ်ခုမို့ လူတိုင်း အသုံးပြုနိုင်ဖို့ သိပ်ခက်ခဲမှာပါ။ အဲဒီလို ခက်ခဲတဲ့ စွန့်လွှတ် အနစ်နာခံမှုမျိုးကို ပြုဖို့လွယ်ရင်တောင်မှ သူ့ကိုမေတ္တာစစ်နဲ့ ပြန်ချစ်လိုက်ဖို့ဆိုတာ သိပ်ပြီးမလွယ် ကူသေးပါဘူး။

ကိုယ်ချစ်တဲ့လူတစ်ယောက်ကို ကိုယ်က

http://www.dhammadownload.com



စွန့်လွှတ်၊ အနစ်နာခံပြီး ဥပေက္ခာနဲ့ မတွေ့အောင်၊ မမြင်အောင်ရှောင်နေလို့ ဖြစ်နိုင်ပေမယ့် သူကောင်းဖို့အတွက် အခြားတစ်ယောက်နဲ့ စေ့စပ်ပေးတာမျိုး၊ ပြောဆို၊ ဆုတောင်းပေးရတာမျိုးတွေဟာ လွယ်မယောင်နဲ့ ခဲယဉ်းနေတတ်မှာပါပဲ။

လူဆိုတာ ကိုယ်ရယူလိုတဲ့အရာတစ်ခုကို ကိုယ်ရရင်သာရ။ ကိုယ်မရခဲ့ရင် တစ်စုံတစ်ယောက်ကိုလည်း မရစေလိုတဲ့သဘောရှိတတ်လို့ပါ။ ဒါကလည်း အတ္တနဲ့ မစ္ဆရိယ ဗီဇမျိုး စိတ်တွေကြောင့်ပဲ ဖြစ်ပါတယ်။

မေတ္တာစစ်နဲ့ချစ်လိုသူကတော့ ကိုယ့်ရန်သူထံက ခက်ခဲတဲ့ မေတ္တာမျိုးတွင်မကဘဲ ကိုယ့်ချစ်သူထံက ခက်ခဲတဲ့ မေတ္တာမျိုးကိုပါ ရအောင်ယူနိုင်လိုက်ဖို့ လိုတာပေါ့။ ကိုယ့်ချစ်သူထံမှာ အလောဘနဲ့စွန့်လွှတ် အနစ်နာခံပြီး ပထမဆင့်ကို ကျော်ဖြတ်ပြီးကာမှ သူ့အကျိုးအတွက် ပြောဆို၊ ပြုမူဆောင်ရွက်စိတ်လေး ဖြစ်အောင်မွေးပြီး ဒုတိယဆင့်ကိုပါ မဖြစ်မနေ အရောက်သွားနိုင်ရပါတယ်။ ဒါဟာ ကိုယ့်ကိုချစ်သူနဲ့ ကိုယ့်ချစ်သူတွေကို မေတ္တာပေးတဲ့သဘောပါ။

http://www.dhammadownload.com



အဲဒီလိုမျိုး ကိုယ့်ရန်သူတွေ၊ ကိုယ့်ချစ်သူတွေကိုတောင်မှ မလွယ်ကူတဲ့ မေတ္တာမျိုးကို ပေးနိုင်သူဟာ ကိုယ်တိုင်မှာလည်း ရဖို့မလွယ်လို့၊ အလွယ်မရတဲ့ မေတ္တာစစ်မျိုးကို ထိုက်ထိုက်တန်တန်နဲ့ ရရှိနိုင်လိုက်တာပါပဲ။ မေတ္တာစစ်ရဲ့သဘောကိုက ယူလို့မရ၊ ပေးမှရတဲ့ ကုသိုလ်ပါ။ မေတ္တာစစ်ကို ပေးနိုင်မှသာ မေတ္တာစစ်ကို ရယူနိုင်မှာဖြစ်ပါတယ်။

## မေတ္တာရဖို့ မေတ္တာပေးသင့်သူများ

မြတ်စွာဘုရားက ဦးရီးတော်ဖြစ်သူ မဟာနာမ်မင်းကြီးကို ကြီးပွားတိုးတက် အောင်မြင်လိုသူ တစ်ယောက်အတွက် ကိုယ်က မေတ္တာပေးပြီး သူတို့ထံက မေတ္တာရယူရသင့်တဲ့ပုဂ္ဂိုလ် (၅)မျိုးကို ဟောတော်မူထားပါတယ်။

၁။ မိဘနှစ်ပါးနှင့်ဆရာများ

၂။ ဇနီး ခင်ပွန်း၊ သားသမီး၊ တပည့်များ

၃။ အိမ်နီးချင်း၊ အလုပ်နီးချင်း၊ အပေါင်းအသင်းများ

http://www.dhammadownload.com



၄။ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းများ

၅။ ရဟန်းပုဏ္ဏား သူတော်စင်များ

အဲဒီ ပုဂ္ဂိုလ် (၅)မျိုးထံက မေတ္တာစစ်ဖြင့် ချစ်ခင်စောင့်ရှောက်မှုကို ရရှိသူဟာ ကိုယ်အလိုရှိတဲ့ ကြီးပွားတိုးတက် အောင်မြင်မှုကို ရရှိနိုင်ကြောင်း ဟောတော်မူပါတယ်။

ဒါကြောင့် သူတို့ထံက မေတ္တာစစ်ကို ခံယူရရှိလိုသူဟာ သူတို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ မေတ္တာစစ်တွေ မဖြစ်မနေ အရင်ပေးနိုင်လိုက်ဖို့ပဲ လိုပါတယ်။

## မေတ္တာ (၃) မျိုးနှင့် (၆) မျိုး

မေတ္တာဟာ ဘာဝနာအနေနဲ့ တစ်မျိုးတည်းသာ ဖြစ်ပေမယ့် အလုပ်အနေနဲ့ကတော့ ကိုယ်ဖြင့်ပြုပေးရတဲ့ မေတ္တာ ကာယကံ၊ နှုတ်ဖြင့်ပြောပေးရတဲ့ မေတ္တာ ဝစီကံ၊ စိတ်ဖြင့် ပို့လွှတ်ပေးရတဲ့ မေတ္တာ မနောကံရယ်လို့ (၃)မျိုး ရှိပါတယ်။ အဲဒီ(၃)မျိုးကိုပဲ မျက်မှောက် 'သမ္မုခမေတ္တာ'

http://www.dhammadownload.com



နဲ့ မျက်ကွယ် 'ပရမ္မုခမေတ္တာ' နှစ်မျိုးပွားတော့ မေတ္တာ (၆) မျိုးပေါ့။

မျက်မှောက်မေတ္တာဆိုတာက ကိုယ့်နဲ့ထိပ်တိုက်တွေ့ဆုံနေရသူတိုင်းကို ကိုယ်မေတ္တာ၊ နှုတ်မေတ္တာ၊ စိတ်မေတ္တာတွေနဲ့ ဆက်ဆံပွားများရတာပါ။ မျက်ကွယ်မေတ္တာဆိုတာက ကိုယ်နဲ့ ထိပ်တိုက် မတွေ့ဆုံရပေမယ့် ကိုယ့်မျက်မှောက်မှာကဲ့သို့ ကိုယ်မေတ္တာ၊ နှုတ်မေတ္တာ၊ စိတ်မေတ္တာတွေ မပျက်ကွက်စေဘဲ ပွားများ အားထုတ်ရတာပါ။

မေတ္တာကာယကံဖြစ်အောင် ပွားပုံကတော့ မိခင်ဟာ ကိုယ့်သားသမီးကို မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ကင်းတွေ မထိခိုက်မိနိုင်အောင် ကိုယ်နဲ့ ပြုပြင်စောင့်ရှောက် ပေးသလိုမျိုးပါ။

သားသမီးတွေကလည်း မိဘကို ကျွေးမွေးပြုစုတာ၊ မိဘအမှုကြီးငယ်ကို ကူညီဆောင်ရွက်ပေးတာ၊ ခြေဆုပ်လက်နယ် ပြုကြရတာမျိုးတွေပါ။ ဆရာကလည်း တပည့်အပေါ်၊ တပည့်ကလည်း ဆရာအပေါ်၊ ခင်ပွန်းက

http://www.dhammadownload.com



လည်း ဇနီးမယား၊ သမီးသားတွေအပေါ်၊ ဇနီးမယား ကလည်း ခင်ပွန်းအပေါ်၊ သူငယ်ချင်းတွေ၊ ချစ်သူတွေ၊ ဘာမှ မတော်စပ်သူတွေ၊ ကိုယ်မုန်းနေသူတွေအပေါ် ကိုယ်နဲ့ ပြုလုပ်ဆောင် ရွက်ပေးတာမှန်သမျှ ကာယကံ မေတ္တာ ဖြစ်တာချည်းပါပဲ။

မိမိခန္ဓာကိုယ်နဲ့ သူတစ်ပါးကို မထိခိုက်၊ မနစ်နာ၊ မပွန်းပဲ့စေတဲ့ ကာယဒုစရိုက်(၃)ပါးမှ ရှောင်ပြီး ကာယသုစရိုက်(၃)ပါးကို ဆောင်နိုင်တဲ့ ကိုယ်အမူ အကျင့်မှန်သမျှဟာ ကာယကံမေတ္တာစစ်နဲ့ ချစ်တာပါ။

မေတ္တာဝစီကံဖြစ်အောင် ပွားပုံကတော့ မိခင်ဟာ ကိုယ့်သားသမီးကို မကောင်းရာ တားမြစ်ပြီး၊ ကောင်းတာ တွေ ညွှန်ကြားပြောဆိုဆုံးမပြီး စောင့်ရှောက်ပေးသလို မျိုးပါ။ သားသမီးကလည်း မိဘကို၊ ဆရာကလည်း တပည့်ကို၊ တပည့်ကလည်း ဆရာ့ကို၊ ဇနီးနဲ့ခင်ပွန်း၊ ချစ်သူချင်း၊ သူငယ်ချင်း၊ မိတ်ဆွေချင်းတွေသာမက ကိုယ့် ရန်သူအပါအဝင် အားလုံးကို နှုတ်နဲ့ပြောဆို စောင့်ရှောက် ပေးတာမှန်သမျှ မေတ္တာ ဝစီကံချည်းပါ။

http://www.dhammadownload.com



မိမိပါးစပ်နဲ့ သူတစ်ပါးကို မထိခိုက်၊ မနစ်နာ၊ မပွန်းပဲ့စေတဲ့ ဝစီဒုစရိုက်(၄)ပါးမှရှောင်ပြီး ဝစီသုစရိုက် (၄)ပါးကို ဆောင်နိုင်တဲ့ နှုတ်အမူအကျင့်မှန်သမျှဟာ ဝစီကံ မေတ္တာစစ်နဲ့ ချစ်တာပါ။

မေတ္တာမနောကံဖြစ်အောင် ပွားပုံကတော့ မိခင်ဟာ ကိုယ့်သားသမီးကို မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲ ဖြစ်ဖြစ် 'ငါ့သားလေး၊ ကိုယ်ကျန်းမာလို့၊ စိတ်ချမ်းသာနိုင်ပါစေ။ သွားလေရာ၊ လာလေရာမှာ ခလုတ်မထိ၊ ဆူးမငြိပါစေနဲ့။ ဘေးကင်းရန်ကွာပြီး အစစ အရာရာ အဆင်ပြေပါစေ'လို့ ကောင်းကျိုးလိုလားစိတ် ပွားကာ ချစ်နေတတ်သလိုမျိုးပါ။

ကိုယ့်စိတ်ကနေပြီး သူတစ်ပါးအပေါ် လိုချင် တပ်မက်စိတ် 'အဘိဇ္ဈာ' ပွားမှု၊ ပျက်စီးစေလိုမှု 'ဗျာပါဒ' ပွားမှုတွေကိုရှောင်ပြီး စွန့်လွှတ်အနစ်နာခံစိတ် 'နေက္ခမ္မ'၊ နားလည်မှုလေးပေးပြီး သည်းခံခွင့်လွှတ်စိတ် 'ခန္တီ' တွေနဲ့ တွေးကြံပေးနေမှုဆိုတဲ့ စိတ်အမူကျင့် မှန်သမျှဟာ မနောကံ မေတ္တာတွေချည်းပါ။

http://www.dhammadownload.com



မေတ္တာဟာ ဘာဝနာကုသိုလ်မျိုးဖြစ်တာကြောင့် အဓိကကျတာက မနောကံမေတ္တာပါ။ သို့ပေမယ့် လုပ်ငန်းအနေနဲ့ကတော့ မေတ္တာကံသုံးမျိုးလုံးစုံမှ ပိုပြည့်စုံပါတယ်။

စိတ်ကသာ မေတ္တာပွားနေ၊ ပို့နေပေမယ့် နှုတ်နဲ့လည်း စကားကြမ်း၊ စကားရိုင်းတွေနဲ့ သူတစ်ပါးကို မှိုချိုးမှျစ်ချိုး ပြောဆိုသူ၊ ကိုယ်နဲ့လည်း ထိပါးမုတ်ခတ်၊ ထိခိုက်နာကြင်စေပြီး၊ ပြုမူဆက်ဆံသူတွေဟာ သူ့နှလုံးသားမှာ မေတ္တာစစ် တကယ်မကိန်းနိုင်လို့ရယ်ပါ။ သူတော်လို့သာ ကိုယ်ကောင်းနေသူမျိုး ဖြစ်လို့ပါ။

ကာယကံမေတ္တာ၊ ဝစီကံမေတ္တာတွေကလည်း မနောကံမေတ္တာ အားကောင်းအောင်၊ ပါရမီပြည့်အောင် ပံ့ပိုးကူညီ ပေးပါတယ်။ မနောကံမေတ္တာ အားကောင်းလာသူမှာလည်း မျက်မှောက်၊ မျက်ကွယ်မေတ္တာကံ (၆)မျိုးလုံး ပြည့်စုံလာနိုင်တော့တာပါပဲ။

## တစ်သားတည်းစိတ်

သတ္တဝါတွေအပေါ်မှာ မေတ္တာစစ်နဲ့ ချစ်ခင်စိတ်ထားနိုင်တဲ့အခါ ပုဂ္ဂိုလ်၊ သတ္တဝါအရေအတွက် ဘယ်

http://www.dhammadownload.com



လောက်များများ တစ်ယောက်တည်း၊ တစ်စိတ်တည်း အသွင်နဲ့ မြင်လာရပါတယ်။ နို့နဲ့ရေဟာ မကွဲမပြား တစ်သားတည်း ဖြစ်သလိုပဲ။ မေတ္တာစစ်က ကျောသား ရင်သား၊ အရင်းအဖျား မခွဲခြားဘဲ တစ်သားတည်း ချစ်နိုင်ပါတယ်။

ပုထုဇဉ်သတ္တဝါတွေမှာ မွေးရာပါ လောဘနဲ့ ယှဉ်တဲ့ အတ္တက အရာရာကို ငါနဲ့လိုက် စည်းရုံးတတ် သလို၊ မာနကလည်း ငါနဲ့လိုက် ခွဲခြားတတ်တာကြောင့် လောကဟာ ဆီနဲ့ရေပမာ တစ်သားတည်းမဖြစ်ဘဲ ကွဲပြား သွားရပါတယ်။

မေတ္တာစစ်ဟာ ဒေါသကို ပယ်ပစ်နိုင်တာ ကြောင့် ဒောသ မဖြစ်သလို၊ လောဘကို ပစ်ပယ်နိုင်တာ ကြောင့်လည်း အတ္တနဲ့မာနကို ခဝါ ချနိုင်ပါတယ်။ အတ္တနဲ့ မာနကို ခဝါချနိုင်သူဟာ လောကကိုလည်း ကွဲပြား အောင် မခွဲခြားတော့ဘဲ 'တစ်သားတည်းစိတ်'နဲ့ ထားနိုင်၊ ပွားနိုင်တော့တာပါပဲ။

မြတ်စွာဘုရားလက်ထက်က အရှင်အနုရုဒ္ဓါ၊

http://www.dhammadownload.com



အရှင်ဘဒ္ဒိယ၊ အရှင်ကိမိလဆိုတဲ့ မထေရ်သုံးဦးဟာ မေတ္တာပြယုဂ်ရဲ့ စံပြအဖြစ် သီတင်းသုံးတော် မူခဲ့ကြပါတယ်။

မထေရ်သုံးပါး သီတင်းသုံးတော်မူရာ တောအုပ်ကို မြတ်စွာဘုရား ကြွသွားတဲ့အခါမှာ အရှင်အနုရုဒ္ဓါက အရင် လှမ်းမြင်ပေမယ့် ကျန်နှစ်ပါးကိုပါ အသိပေးပြီးမှ အတူတူ သွားကြိုကြပါတယ်။ ဒါဟာ မခွဲမခြား တစ်သားတည်းစိတ် ထားရှိလို့ပါ။

တစ်ပါးက စကြံလျှောက်နေတုန်း မိုးလေးအုံ့လာတဲ့အခါမှာ လှမ်းထားတဲ့သင်္ကန်းတွေကို အားတဲ့ တစ်ပါးက သွားရုတ်လိုက်ပါတယ်။ တစ်ပါးနဲ့တစ်ပါး ပြောဆို ဆက်ဆံရာမှာလည်း ဝါကြီးတဲ့မထေရ်က 'နိဝါတတရား'နဲ့ သိမ်မွေ့နူးညံ့စွာ ပြောပါတယ်။ ဝါငယ်တဲ့ မထေရ်ကလည်း 'ဂါရဝတရား' နဲ့ ရိုသေလေးမြတ်စွာ ပြောဆို ဆက်ဆံကြတာပါပဲ။ တစ်ပါးရဲ့ စိတ်ထဲမှာ ကျန်နှစ်ပါးအပေါ် 'ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပါစေ'ဆိုတဲ့ မေတ္တာနှလုံးသားကို ထာဝစဉ်

http://www.dhammadownload.com



ထားပြီး ပွားနေတတ်ပါတယ်။ ဒါဟာ အသွင်အားဖြင့် သုံးချောင်းထောက်တိုင်လို သုံးပါးဖြစ်နေပေမယ့်လို့ အနှစ်သာရအားဖြင့်တော့ မေတ္တာတရားနဲ့ တစ်စိတ်တည်း ငြိမ်းချမ်းစွာ သီတင်းသုံး နေထိုင်တော်မူကြတာပါပဲ။

မြတ်စွာဘုရားက 'ငါ့ရှင်တို့၊ သင်တို့ဟာ တစ်ပါးနဲ့တစ်ပါး ချစ်ခင်သင့်မြတ်အောင် ဘယ်လို နေထိုင်ကြသလဲ' လို့ မေးတော်မူတော့ 'အရှင်ဘုရား၊ တပည့်တော်တို့ဟာ ကိုယ့်ဘေးနားမှာ သီတင်းသုံးဖော် နှစ်ပါး ရှိနေတာကိုပဲ အရတော်လေစွလို့ နှလုံးသွင်းမိပါတယ်။ တစ်ပါးက ကျန်နှစ်ပါးအပေါ်မှာ ကာယကံ မေတ္တာ၊ဝစီကံမေတ္တာ၊ မနောကံမေတ္တာတွေနဲ့ မျက်မှောက်၊ မျက်ကွယ် နှစ်သွယ်လုံးမှာ ကျင့်သုံး နေထိုင်ပါတယ်။ တစ်ပါးရဲ့ဆန္ဒကိုဖယ်ရှားပြီး ကျန်နှစ်ပါးရဲ့ဆန္ဒနဲ့ နေထိုင်လို့ တပည့်တော်တို့ဟာ ကိုယ်အားဖြင့် သုံးပါး ဖြစ်ပေမယ့် စိတ်အားဖြင့်တော့ တစ်သားတည်း ထားကြပါတယ် ဘုရား' လို့ သုံးပါးလုံးအတူပဲ လျှောက်ထားကြပါတယ်။ အရှင်မြတ်သုံးပါးရဲ့ လျှောက်ထားချက်အဆုံးမှာ

http://www.dhammadownload.com



မြတ်စွာဘုရားက ‘သာဓု’သုံးကြိမ် ခေါ်တော်မူလိုက်ပါတယ်။

## မေတ္တာဖြင့်ငြိမ်းချမ်းသူ

မေတ္တာစပွားတဲ့အခါမှာ ချစ်သူ၊ မုန်းသူ၊ မချစ်မမုန်းသူတွေကို ရှောင်ပြီး ကိုယ်အချစ်ဆုံးသူကို စပွားရပါတယ်။ ကိုယ်က ချစ်သူနဲ့၊ ကိုယ့်ကို ချစ်သူတွေကို မေတ္တာစပွားသူဟာ လောဘရဲ့ လက်အောက်မှာ ကျဆုံးရတတ်လို့ပါ။ ကိုယ်က မုန်းသူ၊ ကိုယ့်ကိုမုန်းသူတွေကို မေတ္တာစပွားမိသူဟာ ဒေါသရဲ့လက်အောက်မှာ ကျဆုံးရတတ်လို့ပါ။ မချစ်မမုန်းသူကတော့ မေတ္တာအား မထက်သန်ဘဲ ဖြစ်နေတတ်လို့ပါပဲ။

မေတ္တာစပွားရမယ့် ကိုယ်အချစ်ဆုံးသူဟာ လောကမှာ ဘယ်လိုလူမျိုးလဲ? ဆိုတာကို မြတ်စွာဘုရားက-

**‘သဗ္ဗာဒိသာ အနုပရိဂမ္မ စေတသာ၊**
**နေဝဇ္ဈဂါ ပိယတရ မတ္တနာ ကွစိ။**

http://www.dhammadownload.com



**ဓဝံ ပိယော ပုထု အတ္တာ ပရေသံ**'လို့ ဟောပါတယ်။

'စကြာဝဠာ ကမ္ဘာမြေအနှံ့ စိတ်နဲ့ဖြန့်ပြီး ကိုယ်အချစ်ဆုံးသူကို ရှာပေမယ့် မတွေ့ရနိုင်ပါဘူး။ ကိုယ်အချစ်ရဆုံးသူဟာ ကိုယ်ကိုယ်တိုင် ဖြစ်နေလို့ပါပဲ'တဲ့။ သူတစ်ပါးတွေ အားလုံးကလည်း ကိုယ့်ကိုယ်ကိုသာ အချစ်ကြဆုံးပါပဲ။ '**အတ္တသမံ ပေမံ နတ္ထိ**'။ လောကမှာ ဘယ်သူ့ဘယ်သူကမှ ကိုယ့်ထက်ချစ်သူ၊ မြတ်နိုးရသူဆိုတာ မရှိနိုင်ပါဘူးတဲ့။

ဘာဖြစ်လို့ ကိုယ်အချစ်ရဆုံးဖြစ်တဲ့ ကိုယ့်ကိုကိုယ် ကိုယ်တိုင်ပြန်ပြီး မေတ္တာ ပွားပေးရပါသလဲ? ဆိုတော့'**အတ္တာနံ ဥပမံကတွာ**'ကိုယ်နဲ့ နှိုင်းစာပြီး ကိုယ်ချင်းစာကာ သတ္တဝါတွေ အပေါ်မှာ ချစ်ခင်ကြင်နာလာတတ်အောင်ပါတဲ့။

လောကမှာ လူတွေဟာ ကိုယ့်ကိုယ်ကို မှန်နဲ့ပြန်ကြည့်တဲ့အခါ ဘယ်သူမှ အဆိုး မမြင်မိတတ်ပါဘူး။ အပြစ်ကို မတင်မိပါဘူး။ ဒါဟာ ကိုယ့်သန္တာန်မှာရှိနေတဲ့

http://www.dhammadownload.com



ကိုယ့်အတ္တကို မြင်လိုက်ရလို့ပါ။ ကိုယ့်အတ္တကို မြင်ရသူဟာ ကိုယ်ဆိုးနေလည်း ကောင်းတာပဲ မြင်မိသလို၊ ကိုယ်မလှလည်း လှအောင်ပဲ မြင်နိုင်လိုက်ကြပါတယ်။

အဲဒီလိုပါပဲ။ ကိုယ်နဲ့နှိုင်းစာပြီး ကိုယ်ချင်းစာတတ်သူဟာ ကိုယ့်အတ္တကို ကိုယ်တိုင်မြင်ရသလို၊ သူတစ်ပါးအတ္တကိုလည်း ကိုယ်တိုင် မြင်ပေးလိုက်နိုင်ပါတယ်။ သူတစ်ပါးတွေရဲ့အတ္တကို ကိုယ့်အတ္တကဲ့သို့ မြင်နိုင်တဲ့အခါ ကိုယ့်ကိုယ်ကို ချစ်သလိုပဲ။ သူတစ်ပါးကိုလည်း အပြစ်မတင်တော့ပါဘူး။ အမုန်းဒေါသကို ကြည်ဖယ်နိုင်လိုက်တာပါ။ ကိုယ့်အပေါ်မှာ ရယူသိမ်းပိုက်ဖို့ မလိုအပ်သလိုပဲ။ သူတစ်ပါးအပေါ်မှာလည်း မလိုချင်မတပ်မက်တော့ပါဘူး။ တဏှာချစ်ဆိုတဲ့ လောဘကို ကြည်ဖယ်နိုင်လိုက်တာပါ။

အဲဒါကြောင့် ကိုယ်အချစ်ရဆုံးသူဖြစ်တဲ့ မိမိကိုယ်ကို မေတ္တာစပြီး ပွားရခြင်း ဖြစ်ပါတယ်။ မိမိကိုယ်ကို မေတ္တာပွားပြီးသူဟာ လောကကို ကိုယ်နဲ့နှိုင်းစာတဲ့ ကိုယ်ချင်းစာတရားထားကာ မေတ္တာပွားလို့ ရလာနိုင်ပါတော့တယ်။

http://www.dhammadownload.com



အရင်တုန်းက လောကကို ကြည့်တဲ့အခါ မိမိမှ တစ်ပါး အခြားပုဂ္ဂိုလ်၊ သတ္တဝါတွေကို မြင်မိပေမယ့် ကိုယ်နဲ့နှိုင်းစာ၊ ကိုယ်ချင်းစာတရားထားပြီး ကိုယ့်ကိုယ်ကို မေတ္တာစစ်နဲ့ ချစ်တတ်သူဟာ တစ်လောကလုံးမှာရှိတဲ့ မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်သတ္တဝါအားလုံးကိုလည်း ကိုယ်နဲ့ တစ်တန်းတည်းထားပြီး မေတ္တာစစ်နဲ့ချစ်နိုင်မှာ ဖြစ်ပါတယ်။

လောကကို မေတ္တာစစ်နဲ့ ချစ်နိုင်တဲ့အခါ ကိုယ့်ကိုယ်ကိုကြည့်ပြီး ကိုယ်လည်းလှနေသလိုမျိုး၊ သူ့ကို ကြည့်တော့ သူလည်းလှနေတာကိုပဲ တွေ့ရမှာပါပဲ။ အဲသလိုအမြင်မျိုးဟာ ကိုယ်ချင်းစာတရား အရင်းခံထားတဲ့ မေတ္တာစစ်နဲ့ ချစ်နိုင်၊ မြင်နိုင်၊ ကြည့်နိုင်တဲ့ အသိအမြင်မျိုးပါပဲ။

အဲဒီလိုအသိအမြင်မျိုးရှိသူဟာ တစ်လောကလုံးရဲ့ အကျည်းတန်၊ အရုပ်ဆိုးတာမျိုးတွေကို ဘာတစ်ခုမျှ တွေ့ရမှာ မဟုတ်တော့ပါဘူး။ လူမှာလည်းလူအလှ၊ တိရစ္ဆာန်မှာလည်း တိရစ္ဆာန်အလှ၊ မီးမှာလည်းမီးအလှ၊

http://www.dhammadownload.com



ရေမှာလည်း ရေအလှနဲ့မို့ မလှတာဘာမျှမတွေ့လို့ တစ်လောကလုံးမှာ အလှဖုံးနိုင်တဲ့ အမြင်မျိုးပဲ ဖြစ်ပါတယ်။

ကိုယ့်အလှကို ဒေါသမဖြစ်၊ လောဘမဖြစ်သလိုမျိုး၊ သူတစ်ပါးအလှတွေအပေါ်မှာလည်း ဒေါသမဖြစ်၊ လောဘမဖြစ်တော့တာကို မေတ္တာစစ်နဲ့ ချစ်တာဖြစ်ပါတယ်။ ဒေါသဖြစ်စရာ အာရုံတွေအပေါ် ခန္တီအဒေါသနဲ့ သည်းခံပြီး၊ လောဘဖြစ်စရာ အာရုံတွေအပေါ် အလောဘနဲ့ စွန့်လွှတ်အနစ်နာခံပြီး မေတ္တာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ချစ်နိုင်သူဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါဆိုတဲ့ လောကတစ်ခွင်လုံးမှာ ဒေါသနဲ့ရော လောဘနဲ့ပါ မဆန့်ကျင်တော့လို့ 'ငြိမ်းချမ်းသူ' ဖြစ်ပါတယ်။

လောကတစ်ခွင်၊ မဆန့်ကျင်ဘဲ၊ ချစ်ခင်မြတ်လေး၊ ကျွမ်းဝင်ဆေးကား၊ ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း။ ကိုယ်မှာအမြဲ၊ စောင့်သုံးစွဲက၊ ဘေးလွဲရန်ကွာ၊ လွန်ချမ်းသာလျက်၊ စိန္တာမဏိ၊

http://www.dhammadownload.com



တန်ခိုးရှိသို့၊ သိဒ္ဓိသီးသီး၊ ဘုန်းတန်းကြီးသည်၊ ရှိန်းပြီး မေတ္တာတန်ခိုးတည်း။(နီတိမဉ္ဇရီ)

## အကြည့်အမြင်နှင့် အသိ(၃)မျိုး

လောကကို မြင်အောင်ကြည့်ပြီး သိအောင်ပြုတဲ့အခါ အမြင်အားလျော်စွာ အသိသုံးမျိုး ကွဲပြားပါတယ်။ ပထမအမြင်က-လောကကို တိရစ္ဆာန်တွေမြင်သလို မြင်တဲ့အမြင်ပါ။ တိရစ္ဆာန်တွေဟာ တစ်ကောင်ကိုမြင်တာနဲ့ ဒေါသနဲ့ နှိပ်စက်သတ်ဖြတ်ဖို့၊ လောဘနဲ့ အနိုင်ကျင့်ဖို့ပဲ မြင်ပါတယ်။ အဲဒီလိုမျိုး လောဘ၊ ဒေါသ၊ မာနတွေနဲ့ ကြည့်တဲ့အမြင်မျိုးဟာ လောကကို တိရစ္ဆာန်လိုမြင်တဲ့ အမြင်ပါ။ သိတဲ့အသိက 'ပပဉ္စအသိ' ဖြစ်ပါတယ်။

ဒုတိယအမြင်ကတော့ လောကမှာ ရှိသူမှန်သမျှ လူကိုကြည့်ရင် လူအသွင်၊ တိရစ္ဆာန်ကိုကြည့်ရင် တိရစ္ဆာန်အသွင်နဲ့ ကိုယ့်ကိုကြည့်ပြီး ကိုယ့်အတ္တကိုမြင်သလို၊ သူ့ကိုကြည့်တော့ ကိုယ်ချင်းစာတရားကြောင့် သူ့အတ္တကို မြင်ပေးနိုင်ပါတယ်။ ဒီအမြင်ကြောင့် မေတ္တာနဲ့လည်း

http://www.dhammadownload.com



ချစ်ပေးနိုင်သလို၊ ကရုဏာနဲ့လည်း သနားပေးနိုင်ပါတယ်၊ မုဒိတာနဲ့လည်း ဝမ်းမြောက်ပေးနိုင်သလို၊ဥပေက္ခာနဲ့လည်း လျစ်လျူရှု ပေးနိုင်ပါတယ်။ လောကကို လောက သဘာဝအတိုင်း၊ လူကို လူလိုမြင်တဲ့အမြင်မျိုးပါ။ အသိကတော့ 'ပြဟ္မစိုရ်အသိ' ပါ။

တတိယအမြင်ကတော့ လောကမှာရှိရှိသမျှ ကြည့်လိုက်တိုင်း ရုပ်နဲ့နာမ်၊ ခန္ဓာငါးပါးအနေနဲ့ 'အဖြစ်နဲ့ အပျက်' ကိုပဲ မြင်တတ်ပါတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ ဘာကိုမှ မမြင်ပါဘူး။

အဲဒီလိုအမြင်မျိုးကတော့ 'ဖြစ်ပျက်အမြင်' ပါ။ အသိကတော့ 'ဝိပဿနာအသိ' ဖြစ်ပါတယ်။

ဒီအမြင်၊ အသိသုံးမျိုးထဲမှာ တန်ဖိုးအရှိဆုံး ဝိပဿနာအမြင်နဲ့ မမြင်နိုင်သေးရင်တောင်မှ အနည်း ဆုံးတော့ ပြဟ္မစိုရ်အမြင်မျိုးနဲ့ မြင်အောင်ကြည့်ပြီး သိအောင်ကြိုးစားနိုင်ပါမှ မေတ္တာနှလုံးသားကို ပိုင်ဆိုင် လာမှာ ဖြစ်ပါတယ်။

## မေတ္တာပွားပုံများ

မေတ္တာစတင်ပွားများလိုသူဟာ ကိုယ်အချစ်ရ

http://www.dhammadownload.com



ဆုံးဖြစ်တဲ့ မိမိကိုယ်ကို အင်္ဂါလေးမျိုးနဲ့ ပထမ ပွားများပါ။

၁။ **'အဟံ အဝေရော ဟောမိ'**။ ငါသည် ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကင်းကွာ ရပါလို၏။

၂။ **'အဗျာပဇ္ဇော ဟောမိ'**။ ငါသည် ကိုယ်ဆင်းရဲခြင်း ကင်းငြိမ်းရပါလို၏။

၃။ **'အနီဃော ဟောမိ'**။ ငါသည် စိတ်ဆင်းရဲခြင်း ကင်းငြိမ်းရပါလို၏။

၄။ **'သုခီ အတ္တာနံ ပရိဟရာမိ'**။ ငါသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင် ရပါလို၏။

မိမိကိုယ့်ကို ပွားများပြီးတဲ့အခါ မိမိသန္တာန်၌ရှိသော 'ငါ'တည်းဟူသော အတ္တကို မြင်အောင်ကြည့်၊ သိအောင်ပြုပြီး ကိုယ်ချင်းစာစိတ်လေး မွေးမြူပေးလိုက်ပါ။

ပြီးတဲ့အခါမှာ ကိုယ်ချင်းစာစိတ်ကို အခြေခံကာ မိမိမှတစ်ပါး'ပရပုဂ္ဂိုလ်'များကို ကိုယ်ချစ်ခင် လေးစားရတဲ့ မိဘ၊ ဆရာ၊ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေ၊ ဇနီး၊

http://www.dhammadownload.com



ခင်ပွန်း စသည်ဖြင့် ရန်သူပါမကျန် ပုဂ္ဂိုလ်အားလုံးအန့် အဒေါသ၊ အလောဘတွေနဲ့ယှဉ်တဲ့ မေတ္တာစိတ်နဲ့ ပို့သပွားများပါ။

## မေတ္တာအစစ်-၅၂၈

**မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ ဘာဝယေ အပရိမာဏံ** 'တဲ့။ မေတ္တာသုတ်မှာ ဟောထားပါတယ်။

မေတ္တာစစ်ဟာ သူရယ်၊ ငါရယ်ဆိုတဲ့ အကန့်အသတ်မထားလို့ အကန့်အသတ်မဲ့ 'အပရိမာန' တရားမည်ပါတယ်။ ဒေါသ၊ လောဘ၊ မာနစတာတွေကတော့ သူ၊ ငါဆိုတဲ့ အကန့်အသတ်တွေနဲ့မို့ 'ပရိမာန' တရားတွေပါ။

ဒါကြောင့် မေတ္တာပွားတဲ့အခါ အပရိမာန သဘော ဖြစ်အောင် မိမိမှစပြီး တစ်ကမ္ဘာလုံးက သတ္တဝါအားလုံးအန့် ပို့ပေးနိုင်ရပါမယ်။

၁။ **သဗ္ဗေ သတ္တာ**-သတ္တဝါအားလုံးတွေ-

၂။ **သဗ္ဗေ ပါဏာ**-သက်ရှိအားလုံးတွေ-

http://www.dhammadownload.com



၃။ **သဗ္ဗေ ဘူတာ**-ကိုယ်ထင်ရှားရှိသူအားလုံးတွေ-

၄။ **သဗ္ဗေ ပုဂ္ဂလာ**-ပုဂ္ဂိုလ်အားလုံးတွေ-

၅။ **သဗ္ဗေ အတ္တဘာဝပရိယာပန္နာ** ခန္ဓာကိုယ် အတ္တဘော ရှိသူအားလုံးတွေ-'ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ကျန်းမာ ချမ်းသာနိုင်ကြပါစေ'လို့ မေတ္တာပွားနည်း အင်္ဂါ(၄)မျိုးနဲ့ ပွားတာက 'အနောဓိသမေတ္တာ' မရည်စူး မေတ္တာပါ။

၁။ **သဗ္ဗာ ဣတ္ထိယော**-အမျိုးသမီးအားလုံးတွေ-

၂။ **သဗ္ဗေ ပုရိသာ**-အမျိုးသားအားလုံးတွေ-

၃။ **သဗ္ဗေ အရိယာ**-အရိယာ အားလုံးတွေ-

၄။ **သဗ္ဗေ အနရိယာ**-ပုထုဇဉ်အားလုံးတွေ-

၅။ **သဗ္ဗေ ဒေဝါ**-နတ်အားလုံးတွေ-

၆။ **သဗ္ဗေ မနုဿာ**-လူအားလုံးတွေ-

၇။ **သဗ္ဗေ ဝိနိပါတိကာ**-အပါယ်သူအားလုံးတွေ-

လို့ အထက်ကအတိုင်း အင်္ဂါလေးမျိုးနဲ့ မေတ္တာပွားနည်းက 'ဩဓိသမေတ္တာ' ရည်စူးမေတ္တာပါ။

ပြီးတဲ့အခါမှာတော့ 'အရှေ့၊ အနောက်၊ မြောက်၊

http://www.dhammadownload.com



တောင်၊ အရှေ့တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်၊ အောက်၊ အထက် ဆိုတဲ့ အရပ်ဆယ်မျက်နှာစုံအောင် မေတ္တာအင်္ဂါလေးမျိုးနဲ့ ပွားရပါတယ်။

အခုပွားခဲ့တဲ့ မေတ္တာအမျိုးအစားကို ပြန်ရေတွက်ကြည့်ရင် မရည်စူးသူ(၅)ယောက်၊ ရည်စူးသူ(၇)ယောက်တို့ကို မေတ္တာပွားနည်း အင်္ဂါ(၄)ပါးနဲ့ မြောက်ပြီး (၁၂×၄)၄၈-မျိုး ဖြစ်ပါတယ်။

အဲဒီ မေတ္တာ ၄၈-မျိုးကို အရပ် (၁၀)မျက်နှာနဲ့ ထပ်ပွားရင် (၄၈×၁၀) မေတ္တာ ၄၈၀-ဖြစ်လာပါတယ်။ အရပ်မျက်နှာကို သီးသန့်မရည်စူးဘဲ ပို့နိုင်တဲ့ မေတ္တာကလည်း ၄၈-မျိုး ရှိပါတယ်။ ဒါကြောင့် မေတ္တာ-၄၈၀ ကို၊ သီးသန့် မေတ္တာ(၄၈)နဲ့ ပေါင်းလိုက်ရင် သတ္တဝါတွေအပေါ် ချစ်လို့ရတဲ့မေတ္တာစစ်ဟာ အရေအတွက် ၅၂၈-သွယ်ပါ။

## မေတ္တာနှောင်ရင်းများ

မေတ္တာဟာ ဘယ်ရွှေ့ဘယ်မျှရယ်လို့ အတိုင်း

http://www.dhammadownload.com



အတာမရှိတဲ့ သတ္တဝါပညတ်ကို အာရုံပြုလို့ ကြီးကျယ် မြင့်မြတ်တဲ့ အကျင့်မျိုးပါ။ မေတ္တာနဲ့ကျင့်သုံးနေထိုင်သူဟာ ပထမဆုံး သတ္တဝါတွေအပေါ်မှာ အဒေါသဆိုတဲ့ ခန္တီ တရားနဲ့ သည်းခံပြီး၊ အလောဘဆိုတဲ့ နေက္ခမ္မသဘောနဲ့ စွန့်လွှတ်အနစ်နာခံပြီး ကိုယ်၊နှုတ်၊စိတ်ဆိုတဲ့ ကံသုံးပါး လုံးနဲ့ ကောင်းကျိုးလိုလားပြီး ချစ်ခင်စိတ် ပွားများရ ပါတယ်။ ကိုယ့်မေတ္တာ အာရုံမျက်ဝန်းထဲက ပုဂ္ဂိုလ်၊ သတ္တဝါတွေဟာ ကိုယ်လိုလားသလို တကယ်ပဲ ကောင်း ကျိုး တိုးပွားလာတာမျိုးကိုလည်း တွေ့ကြုံရမှာပါပဲ။ တစ်ခါတစ်ရံမှာ ကိုယ်မလိုလားတဲ့ ဆိုးကျိုးတွေနဲ့ ကြုံတွေ့ နေမှုမျိုးလည်း ရှိတတ်ပါတယ်။ ဒီအခါမျိုးတွေမှာ မေတ္တာဟာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ သူ့ နောင်ရင်းတွေရဲ့ အကူအညီယူပြီး ပွားရပြန်ပါတယ်။

မေတ္တာနှလုံးသားရဲ့ အာရုံမျက်ဝန်းထဲမှာ ကိုယ်လိုလားတဲ့အတိုင်း ကောင်းကျိုးတိုးပွားသူတွေ၊ ကိုယ့် ထက် သာသွားသူတွေကို တွေ့ရတဲ့အခါ မနာလိုမှု 'ဣဿာ'နဲ့ ကိုယ့်လို မကောင်းစားစေလိုတဲ့ ဝန်တိုမှု

http://www.dhammadownload.com



'မစ္ဆရိယ'တွေက ဝင်ရောက်ဖျက်ဆီးတတ်လို့ 'မုဒိတာ' တရားနဲ့ ဝမ်းမြောက်မှု ရှုပ်မှားရပါတယ်။

ကိုယ်မလိုလားတဲ့ ဆိုးကျိုးတွေနဲ့ချည်း တိုးနေသူတွေ ကိုမြင်ရတဲ့အခါမှာလည်း စိတ်နှလုံး မသာယာမှု 'ဒေါမနဿ'နဲ့ စိုးရိမ်မှု'သောက'တွေက ဝင်ရောက်ပြီး ဖျက်ဆီးတတ်ပြန်လို့ 'ကရုဏာ'တရားနဲ့ သနားသမှု ရှုပ်မှားပေးရပြန်ပါတယ်။

အဲဒီလိုမျိုး သုခိတ သတ္တဝါ၊ဒုက္ခိတ သတ္တဝါ ဆိုတဲ့ ပုဂ္ဂိုလ်အာရုံ အခြေအနေအားလျော်စွာ ကရုဏာ၊ မုဒိတာတွေနဲ့ ပွားပြီးလို့ ကိုယ်လိုလားတဲ့ကောင်းကျိုးတွေ ပြန်လည် ဖြစ်ပေါ်လာပြီဆိုရင်တော့ နောက်ဆုံးမှာ ဒီထက်ပိုပြီး မေတ္တာရဲ့လုပ်ဆောင်ချက် မရှိတော့တာမို့ ဥပေက္ခာစိတ်ထားနဲ့ လျစ်လျူရှုမြင် ပေးနိုင်လိုက်ဖို့ပဲ ဖြစ်ပါတယ်။

ဥပမာအားဖြင့် အမေတစ်ယောက်မှာ သားလေး ယောက် ရှိတယ်ဆိုပါစို့။ တစ်ယောက်က အရွယ် မရောက်သေးတဲ့ နို့စို့သားငယ်လေး။ တစ်ယောက်က

http://www.dhammadownload.com



နာမကျန်းလေး။ တစ် ယောက်က အရွယ်ရောက်ပြီးသူ။ နောက်ဆုံး သားကြီးကတော့ အားလုံး ပြည့်စုံပြီးသူပေါ့။

အမေဟာ အရွယ်မရောက်သေးတဲ့ သားလေးကို အရွယ်ရောက်လိုစိတ်နဲ့ ကျွေးမွေးစောင့်ရှောက်တာ မေတ္တာပါ။ နာမကျန်းလေးကို ကျန်းမာလာအောင်လို့ ပြုစုစောင့်ရှောက်တာ ကရုဏာပါ။ အရွယ်ရောက်နေသူလေးကို အိမ်ထောင်မှု စီးပွားရေးတွေ ပြည့်စုံအောင် စောင့်ရှောက်တာ မုဒိတာပါ။ အားလုံး ပြည့်စုံနေပြီးတဲ့ သားကြီးကိုတော့ ဘာမှလုပ်မပေးတော့တာ ဥပေက္ခာသဘောပဲ ဖြစ်ပါတယ်။

ဒါကြောင့် မေတ္တာနဲ့ 'သုခိတာ ဟောန္တု' ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ကရုဏာနဲ့ 'ဒုက္ခာ မုစ္စန္တု' ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း လွတ်ကင်းကြပါစေ။

မုဒိတာနဲ့ 'လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု' ရအပ်ပြီး စည်းစိမ်ချမ်းသာများ တည်မြဲနိုင်ကြပါစေ။ ဥပေက္ခာနဲ့ 'သဗ္ဗေ သတ္တာ ကမ္မဿကာ' အားလုံးဟာ

http://www.dhammadownload.com



ကိုယ့်ကံနဲ့ ကိုယ်ပါပဲလို့ ပွားများတဲ့အခါမှာ မေတ္တာစစ်နဲ့ ချစ်တတ်သူဟာ ဗြဟ္မစိုရ်တရား လေးပါးလုံးကို ပွားများပြီး ဖြစ်ပါတော့တယ်။

## မေတ္တာတန်ဖိုး

မေတ္တာဟာ ကုသိုလ်ဖြစ်မေတ္တာနဲ့၊ ပါရမီမေတ္တာရယ်လို့ နှစ်မျိုးရှိပါတယ်။ ကုသိုလ်မေတ္တာကတော့ ပါးစပ်နဲ့ရွတ်ရုံနဲ့ ကုသိုလ်ဖြစ်တတ်လို့ လူတိုင်း ပြုနိုင်ကြပါတယ်။ ပါရမီမေတ္တာကတော့ ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ဖြစ်အောင် တကယ့်စိတ်ရင်းနဲ့ ပြောဆို၊ ပြုလုပ်ပွားများမှ ဖြစ်ပါတယ်။

ပါရမီမေတ္တာရဲ့ တကယ့်စိတ်ရင်းက 'သန္တိသုခ' ခေါ် နိဗ္ဗာန်ကိုပန်းတိုင်ပြုပြီး စိတ်ညွတ်ထားခြင်းပါ။ မေတ္တာသုတ်မှာ '**ကရဏီယ မတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ**'လို့ ဟောပါတယ်။ အခြား ပြည့်စုံရမယ့်အင်္ဂါ (၁၅)မျိုးကိုလည်း 'သက္ကော၊ ဥဇူစ' စသည်ဖြင့် ဟောထားပါတယ်။ ကုသိုလ်မေတ္တာကတော့ ဒီအင်္ဂါတွေ စုံစုံ/မစုံစုံ ကုသိုလ်ဖြစ်တာပါပဲ။

http://www.dhammadownload.com



ပါရမီမေတ္တာဖြစ်အောင် ပွားသူဟာ ပွားနေတုန်း အခိုက်မှာပဲ သည်းခံမှုခန္တီဓာတ်နဲ့ ဒေါသကို ပယ်ပါတယ်။ စွန့်လွှတ်၊ အနစ်နာခံမှု နေက္ခမ္မဓာတ်နဲ့ လောဘကို ပယ်ပါတယ်။ အသိဉာဏ်နဲ့ယှဉ်နေမှုကြောင့် မောဟကိုလည်းပယ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ '**မူလကိလေသာ**'တွေကို ပယ်နိုင်မှုကြောင့် အတ္တနဲ့ မာန၊ ဣဿာနဲ့မစ္ဆရိယ၊ ကုက္ကုစ္စ စတဲ့ '**အပွားကိလေသာ**' တွေကိုပါ ခဝါ ချနိုင်ပါတော့တယ်။

ပါရမီမေတ္တာပြည့်စုံအောင် ပွားများနိုင်သူဟာ ဆန့်ကျင်ဘက် ဒေါသရန်သူကို အောင်နိုင်တဲ့အခါ တစ်လောကလုံးမှာ ငြိမ်းချမ်းသူ ဖြစ်ပါတယ်။ ဆန့်ကျင်ဘက် လောဘရန်သူကို အောင်နိုင်တဲ့အခါ တစ်လောကလုံးကို အောင်နိုင်သူ ဖြစ်ပါတော့တယ်။

ကိလေသာတွေကို '**ဝိက္ခမ္ဘနသတ္တိ**'နဲ့ ကြာကြာ ပယ်နိုင်ရုံမကဘဲ တစ်ဖက်မှာလည်း အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ကုသိုလ်မူလတွေနဲ့ ပါရမီ ဆယ်ပါး အကျင့်မြတ်များကို ဖြည့်ပွားအားထုတ်ပြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



အတ္တကို ဗဟိုရ်မပြုဘဲ သူတစ်ပါးအတွက် ပြောဆို၊ ပြုလုပ်ကြံစည်ပေးနိုင်မှုဟာ 'ဒါနပါရမီ'ပါ။ သူတစ်ပါးအပေါ် မကောင်းပြော၊ မကောင်းပြုတို့မှ ရှောင်ပေးမှုဟာ 'သီလပါရမီ' ပါ။ မျှော်လင့်မှုမပါဘဲ အနစ်နာခံပေးမှုဟာ 'နေက္ခမ္မပါရမီ' ပါ။ သူတစ်ပါး စိတ်ချမ်းသာနိုင်မှုဖြစ်အောင် တွေးခေါ်ပေးနိုင်မှုဟာ 'ပညာပါရမီ'ပါ။ ကိုယ်နှုတ်စိတ်တို့နဲ့ ပြုလုပ်ပေးမှုဟာ 'ဝီရိယပါရမီ'ပါ။ ဒေါသထွက်စရာ အာရုံအပေါ် သည်းခံခွင့်လွှတ်ပေးမှုဟာ 'ခန္တီပါရမီ' ပါ။ အများ ကောင်းကျိုးကို မှန်ကန်စွာ သယ်ပိုးရွက်ဆောင် ပေးနိုင် မှုဟာ 'သစ္စာပါရမီ'ပါ။ မုန်းသူ၊ ချစ်သူတို့ လက်အောက် မှာ မကျဆုံးစေဘဲ ခိုင်မြဲစွာဆောင်ရွက်မှုဟာ 'အဓိဋ္ဌာန် ပါရမီ' ပါ။ ကောင်းသည်၊ ဆိုးသည် မခွဲခြားဘဲ 'ကမ္မဿကတာ' ရှုမြင်ပေးနိုင်မှုဟာ 'ဥပေက္ခာပါရမီ'ပါ။

မေတ္တာရဲ့တန်ခိုးတွေကတော့ 'ချမ်းသာ အိပ်စက်၊ ချမ်းသာလျက်နိုး၊ အိပ်မက်ဆိုးကင်း၊ စောင့်ခြင်း နတ်များ'စသည်ဖြင့်(၁၁)ပါး သိကြပြီးသားပါ။ မေတ္တာရဲ့ တန်ဖိုးကတော့ အဲဒီလောက်သာ မကပါဘူး။

http://www.dhammadownload.com



မေတ္တာသုတ် နောက်ဆုံးမှာ-

**ဒိဋ္ဌိဥ္စ အနုပဂမ္မ၊ သီလဝါ ဒဿနေနသမ္ပန္နော ကာမေသုဝိနေယျ ဂေဓံ၊ နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ**' လို့ မြတ်စွာဘုရားဟောထားပါတယ်။

မေတ္တာစိတ်နဲ့ပြည့်စုံသူတစ်ယောက်ဟာ-

၁။ အတ္တဒိဋ္ဌိသို့ မကပ်ရောက်နိုင်ခြင်း၊

၂။ သီလအကျင့်နှင့်ပြည့်စုံခြင်း၊

၃။ သောတာပတ္တိဉာဏ်အမြင်ရရှိနိုင်ခြင်း၊

၄။ ဝတ္ထုကာမတို့၌ တပ်မက်မှုကို ပယ်ဖျောက်နိုင်သည်ရှိသော် မွေး၊ရှင်၊သေတို့လွတ်ကင်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခြင်း' စတဲ့ အကျိုးတရားများ တိုးပွားပြည့်စုံလာနိုင်မှာ ဖြစ်ပါတယ်။

**မေတ္တာစစ်ဖြင့် ချစ်နိုင်ကြပါစေ**

**ဒေါ်ညွှန့်**

ရှင်သာမဏော မွေ့ပီမာန်၊ ပဋ္ဌာန်းတရားတော်သင်တန်း အမှတ်တရ

(၁-၃-၂၀၀၉)

http://www.dhammadownload.com

## ဓမ္မစက္ကအလှူရှင်များ

| | | |
|---|---|---|
| ၁။ | ဒေါ်လှလှရွှေ၊ ဒေါ်နိုနို မိသားစု | ၅၀၀၀ကျပ် |
| ၂။ | ဒေါ်တင်တင်လှ၊ ဒေါ်မြင့်မြင့်ရှိန် | ၃၀၀၀ကျပ် |
| ၃။ | ဦးတင်မောင်ဦး+ဒေါ်မြင့်မြင့်သိန်း မိသားစု | ၂၀၀၀ကျပ် |
| ၄။ | ဦးမြင့်လွင်+ဒေါ်ခင်ညွန့် မိသားစု | ၂၀၀၀ကျပ် |
| ၅။ | ဦးမြင့်ဆွေ+ဒေါ်ခင်သန်းမြင့်၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း။ | ၁၅၀၀ကျပ် |
| ၆။ | ဒေါ်ကျင်အေး မိသားစု | ၁၀၀၀ကျပ် |
| ၇။ | မမြသီတာခိုင်၊ မမြမိုမိုသက် | ၂၀၀၀ကျပ် |
| ၈။ | မယဉ်ယဉ်နွယ်၊ မသန်းသန်းမြင့် | ၂၀၀၀ကျပ် |
| ၉။ | ဦးကျော်မြင့်+ဒေါ်သစ်သစ် မိသားစု | ၁၀၀၀ကျပ် |
| ၁၀။ | ဒေါ်ခင်မာဦးမိသားစု၊ ဒေါ်ခင်လှဝေ မိသားစု | ၁၀၀၀ကျပ် |
| ၁၁။ | ဦးကျော်ရင်+ဒေါ်စန်းစန်းဝင်း၊ ဦးစိန်ဌေး+ဒေါ်စိုးမာလာ | ၁၀၀၀ကျပ် |
| ၁၂။ | မစိုးစိုးမာ | ၅၀၀ကျပ် |
| ၁၃။ | Dr.ဦးခင်မောင်ကြီး+ ဒေါက်တာ သန်းသန်းအေး | ၅၀၀ကျပ် |
| ၁၄။ | Dr.ဦးမြဦး+ဒေါ်အေးအေးရီ မိသားစု၊ တမ္ဗာအေး။ | ၅၀၀ကျပ် |
| ၁၅။ | ဦးအေးဝင်း Dr.ခင်နုနွယ်ဌေး၊ သမီး–ဖူးပွင့်သင်း၊ ကျောက်မြောင်း။ | ၅၀၀ကျပ် |
| ၁၆။ | ကိုလှထူးဝင်း | ၅၀၀ကျပ် |
| ၁၇။ | ဦးရွှေအေး+ဒေါ်ခင်ထား မိသားစု | ၅၀၀ကျပ် |
| ၁၈။ | မခိုင်သဇင်ဦး | ၅၀၀၀ |
| ၁၉။ | ကိုကျော်သူနှင့် မိသားစု၊ တမ္ဗာအေး။ | ၅၀၀ကျပ် |
| ၂၀။ | ကိုခင်ဇော်၊ ကိုလှစိုး+မနွယ်နွယ်ဝင်း မိသားစု | ၅၀၀ကျပ် |
| ၂၁။ | ဒေါ်သန်းသန်းနွယ် မိသားစု၊ အမှတ်(၆၈၂)၊ လသာမြို့နယ်။ | ၅၀၀ကျပ် |
| ၂၂။ | ဒေါ်ခင်သီ မိသားစု၊ မြောက်ဥက္ကလာပ။ | ၅၀၀ကျပ် |
| ၂၃။ | မဝင်းပပမေ မိသားစု | ၁၀၀၀၀ကျပ် |